


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး

၉-၇-၁၉၆၂ ရက်နေ့ (ည)၊ အမရပူရမြို့၌

ဟောကြားဆုံးမတော်မူသော

# တစ်သက်မှာ တစ်ခါတွေ့တဲ့ဉာဏ်

၃၀၀

(ဉာဏ်စဉ်သုံးပါးတရားတော်)



၉-၇-၁၉၆၂ ရက်နေ့၊ (ည) အမရပူရမြို့၌

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ

## မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားဆုံးမတော်မူသော

# တစ်သက်မှာတစ်ခါတွေ့တဲ့ဉာဏ်

(ဉာဏ်စဉ်သုံးပါးတရားတော်)

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အုပ်ရေ | - | ၁၀၀၀ |
| ခုနှစ် | - | ၂၀၁၂ ခုနှစ် |
| တန်ဖိုး | - | ကျပ် |
| အဖုံးပုံနှိပ်ခြင်း | - | သန်းထိုက်ရတနာအော့ဖ်ဆက် |
| ထုတ်ဝေသူ | - | ဦးအောင်နိုင်မြင့်(မြ-၀၄၃၇၅) မိုးကုတ်ဝိပဿနာနှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ချုပ်၊ အမှတ်(၈၂)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | - | ဦးဝင်းအောင် (မြ-၀၅၁၃၃၅) သန်းထိုက်ရတနာပုံနှိပ်တိုက် ၈၄/၈၆၊ လမ်း ၅၀ (အလယ်) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |



ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၏ မူပိုင်ဖြစ်သည်မည်သူမျှကူးယူထုတ်ဝေခြင်းမပြုရ။



CIP 294.3

မိုးကုတ်ဆရာတော်ဘုရားကြီး

တစ်သက်မှာတစ်ခါတွေ့တဲ့ဉာဏ်(ဉာဏ်စဉ်သုံးပါးတရားတော်)၊ ရန်ကုန်။

မိုးကုတ်ဝိပဿနာကျင့်စဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ် (၂၀၁၂)

စာ - ၆၃၊ ၈.၆၄ × ၁၃.၇၂ စင်တီ

(၁) တစ်သက်မှာတစ်ခါတွေ့တဲ့ဉာဏ် (ဉာဏ်စဉ်သုံးပါးတရားတော်)၊

၉-၇-၆၂ ရက်နေ့ (ည)
အမရပူရမြို့ မဟာဂန္ဓာရုံ မင်္ဂလာတိုက်ကျောင်း
ကျေးဇူးရှင်
မိုးကုတ်ဆရာတော်ဘုရားကြီး
ရန်ကုန်မြို့၌ ဟောကြားဆုံးမတော်မူသော

# တစ်သက်မှာ တစ်ခါတွေ့တဲ့ဉာဏ်
## (ဉာဏ်စဉ်သုံးပါးတရားတော်)

သစ္စာမသိသေးသရွေ့ကာလပတ်လုံး နိဗ္ဗာန်မရောက်သေးဆိုတာ တစ်ထစ်ချဆုံးဖြတ်ချက်ချပါ။ သစ္စာမသိသေးရင် နိဗ္ဗာန်မရောက်သေးလို့ တစ်ထစ်ချ ဆုံးဖြတ်ချက်ချပါ၊ သစ္စာမသိသေးရင် ဘာတဲ့...(နိဗ္ဗာန်မရောက်သေးပါဘုရား)။

နိဗ္ဗာန်မရောက်သေးဘူးလို့ ဆုံးဖြတ်ချက်ချပါ။ ဒါဖြင့် နိဗ္ဗာန်လိုချင်ရင် သစ္စာသိအောင်လုပ်ပါ။ နိဗ္ဗာန်လိုချင်ရင် ဘာလုပ်ကြမလဲ ...(သစ္စာသိအောင်လုပ်ရပါတယ်ဘုရား)။

## သစ္စာကဘယ်မှာရှိမှာလဲ

သစ္စာသိအောင်လုပ်ရမယ်ဆိုတော့ ဟုတ်ပါပြီတဲ့။ ဒကာ၊ ဒကာမတို့ နိဗ္ဗာန်လိုချင်ရင် သစ္စာသိအောင်လုပ်ရမယ်ဆိုတော့ "သစ္စာက ဘယ်မှာရှိသလဲဘုရား"လို့ မေးဖို့လိုတယ်။ သစ္စာဘယ်မှာရှိသတုံးလို့ မေးဖို့လိုတော့ ဒကာ၊ ဒကာမတွေ မှတ်လိုက်ကြဖို့ ဒကာ၊ ဒကာမတွေ၏ ခန္ဓာသည် သစ္စာပဲလို့ မှတ်ပါ။ ဒကာ၊ ဒကာမတွေ၏ ခန္ဓာသည် ... (သစ္စာပါဘုရား)၊ သစ္စာပဲလို့ ဆုံးဖြတ်ချက်ချပါ။

ဒကာ၊ ဒကာမတွေ၏ ခန္ဓာကိုယ်ကြီးဟာ ဘာပါလိမ့်... (သစ္စာပါဘုရား)၊ သစ္စာပဲဆိုတော့ ဩော်...ဒီခန္ဓာရှိနေလို့ရှိရင်ဖြင့် တို့ဟာ ဆရာဘုန်းကြီးကလည်း လမ်းညွှန်ပြရင် သိရမှာပဲဆိုပြီး သကာလ သစ္စာသိရင် နိဗ္ဗာန်ရတော့မယ်၊ သစ္စာသိရင် ... (နိဗ္ဗာန်ရတော့မယ်)၊ နိဗ္ဗာန်ရတော့မယ်ဆိုတော့ ယုံမှားခြင်းသံသယမရှိပါနဲ့ဆိုတာ လေးစားစွာနဲ့ သတိပေးလိုက်ပါတယ်။

သစ္စာမသိသေးရင် ဘာဒါနပြုပြု၊ ဘာသီလဆောက်တည်ဆောက်တည်၊ ဘာပဲ ခင်ဗျားတို့ သမထတွေလုပ်လုပ်၊ သစ္စာမသိသေးသရွေ့ ကာလပတ်လုံး ငါတို့အလုပ်သည် နိဗ္ဗာန်မရောက်သေးဘူးဆိုတာ ဆုံးဖြတ်ချက်ချပါ၊ သစ္စာမသိသေးရင် ဘာပါလိမ့် ...(နိဗ္ဗာန်မရောက်သေးပါ)၊ နိဗ္ဗာန်မရောက်သေးဘူးလို့ ဒကာ၊ ဒကာမတွေ ဆုံးဖြတ်ချက်ချပါ...(မှန်ပါ့)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေကို သစ္စာသိဖို့ ပြောရတော့မယ်ဆိုတာကို သေသေချာချာ နားထောင်ကြပါနော် ...(မှန်ပါ့)။

## သစ္စာသိဖို့ဆိုတာ

သစ္စာသိဖို့ဆိုတာ ဒကာ၊ ဒကာမတို့ခန္ဓာရှိရင် သိရမယ်၊ သစ္စာဘုန်းကြီးက မန္တလေးက သယ်လာတယ် မအောက်မေ့ပါနဲ့၊ ကိုယ့်ခန္ဓာအရှိကို သိရမယ်လို့ မှတ်ကြစမ်းပါ၊ သစ္စာ၊ ဘယ်မှာရှိပါ လိမ့်...(ကိုယ့်ခန္ဓာမှာရှိပါတယ်ဘုရား)၊ ကိုယ့်ခန္ဓာမှာရှိ၊ အဲဒီ ကိုယ့်ခန္ဓာရှိတာကို ကိုယ်သိလို့ရှိရင်ဖြင့်...တဲ့၊ သစ္စာသိတာပါပဲ။

ကောင်းပြီ၊ ဒါဖြင့် အပေါင်းကြီးသိရမှာလား၊ အစိတ် အစိတ် သိရမှာလားဆိုတဲ့ မေးခွန်းထုတ်ဖို့လိုလာတယ်၊ လိုလာတယ်၊ လိုလာတဲ့အခါကျတော့ ခန္ဓာငါးပါးလို့ ပြောထားကတည်းက ဒကာ၊ ဒကာမတွေက မှတ်လိုက်တာပေါ့၊ ဩော်...ငါးပုံရှိတာကိုး၊ ခန္ဓာငါးပါးဆိုတော့ ဘယ်နှပုံပါလိမ့်...(ငါးပုံပါဘုရား)၊ ငါးပုံရှိတယ် ဆိုတာ သဘောကျပလား...(ကျပါပြီ)။

ဘယ်အပုံကြည့်ကြည့် ဒုက္ခသစ္စာချည်းမှတ်လိုက်၊ ဘယ်အပုံ ကြည့်ကြည့် ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

ရူပက္ခန္ဓာ တစ်ပုံ ပုံကြည့်လိုက် ပြန်တော့လည်း ဒုက္ခသစ္စာ ...(မှန်ပါ့)။

ဝေဒနာက္ခန္ဓာဆိုတဲ့ ခံစားမှုကလေးကို တစ်ပုံ ပုံကြည့်လိုက်ပြန်တော့လည်း...(ဒုက္ခသစ္စာပါ)။

သညာက္ခန္ဓာဆိုတဲ့ မှတ်သားမှုကလေးကို တစ်ပုံ ပုံကြည့်လိုက်ပြန်တော့လဲ...(ဒုက္ခသစ္စာပါ)။

သင်္ခါရက္ခန္ဓာဆိုတဲ့ ဒကာ၊ ဒကာမတွေ လှူချင်၊ တန်းချင်၊ ပေးချင်၊ ကမ်းချင်သည့် စေ့ဆော်မှု စေတနာကလေးကို တစ်ပုံ ပုံကြည့်လိုက်ပြန်တော့လည်း...(ဒုက္ခသစ္စာပါ)။

ဒကာ၊ ဒကာမတွေ သန္တာန်မှာ မရပ်မနားပေါ်နေသည့် ဝိညာဏက္ခန္ဓာဆိုတဲ့ သိမှုစိတ်ကလေးကို တစ်ပုံ ပုံကြည့်ပြန်တော့လည်း...(ဒုက္ခသစ္စာပါဘုရား)။

ဩော်...ဒါဖြင့် ဒီငါးပါးတွင် တစ်ပါးပါးကြည့်ရင် ပြီးတာပဲဆိုတာ တရားအစမှာ ဆုံးဖြတ်ချက်ချပါ၊ သဘောပါကြလား...(ပါ ပါတယ်ဘုရား)။

## ခန္ဓာငါးပါး ဒုက္ခသစ္စာ

ဒါဖြင့် သစ္စာဆိုတာ ဘယ်မှာရှိသလဲ...(ခန္ဓာမှာရှိပါတယ်ဘုရား)၊ ခန္ဓာတစ်ပါးဟာ ဘာသစ္စာပါလိမ့်...(ဒုက္ခသစ္စာပါ)၊ နောက်တစ်ပါးကကော...(ဒုက္ခသစ္စာပါဘုရား)၊ ဒါဖြင့် ခန္ဓာငါးပါးစလုံးဟာ ဒုက္ခသစ္စာချည်းပဲဖြစ်တယ်...(မှန်ပါ)။

ဩော်...ဒုက္ခသစ္စာလို့ဆိုတော့ ဒုက္ခက ဆင်းရဲတာ၊ သစ္စာ

က မှန်တာ၊ ဒုက္ခက ဘာပါလိမ့်...(ဆင်းရဲတာပါ)၊ သစ္စာက ...(မှန်တာပါ)။

ဩော်...ဒါဖြင့် ခင်ဗျားတို့ တစ်ကိုယ်လုံးထဲမှာ ဆင်းရဲတာ အမှန်သာရှိ၍ ချမ်းသာတာ အမှန်မပါသေးပါဘူး...(မှန်ပါ့ဘုရား)၊ ဆင်းရဲတာ အမှန်သာရှိ၍ ချမ်းသာတာ အမှန်ကော ...(မပါသေးပါဘုရား)၊ မပါသေးတော့ ဘုန်းကြီးက ဒီ ဒကာ၊ ဒကာမတွေကို အကြောင်းတိုက်ဆိုင်လို့ တရားဟောတော့ ဆင်းရဲတာ အမှန်ပေးမှ ဝင်္ကျတ်တော့မယ်။

ဆင်းရဲတာ အမှန်ပေးမှသာလျှင်...(ဝင်္ကျတ်ပါမယ်)၊ ဒါဖြင့်တဲ့ ဒကာ၊ ဒကာမတို့ ဆင်းရဲတာသိတာကို အမှန်ပေးမှ ဝင်္ကျတ်မယ်ဆိုတော့ ဆင်းရဲတာမှ မသိသေးတဲ့ ပုဂ္ဂိုလ်ကို ရှေ့ပိုင်းက ဆင်းရဲတာသိအောင် ဟောရမယ်...(မှန်လှပါ)။

ဒီတော့မှ ဒကာ၊ ဒကာမတွေက ဆင်းရဲကျွတ်ချင်တဲ့ဉာဏ် လာလိမ့်မယ်...(မှန်ပါ့)၊ သဘောပါကြပလား...(ပါ ပါတယ်)၊ ကောင်းပြီ အားလုံး ဒကာ၊ ဒကာမတွေ ဖြေသာပေး၊ အဖြေပေးပြီးသကာလ မှန်တာကိုပဲ ဟောမယ်...(မှန်ပါ့)။

## ဆီးဖြူရှက်ဥပမာ

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သစ္စာမသိဘဲနဲ့ နိဗ္ဗာန်ရောက်တယ်ဆိုလို့ရှိရင်ကွာ...တဲ့၊ ဒကာ၊ ဒကာမတွေ ဆီးဖြူရွက်

နဲ့ ရေထုပ်လာတော့ မင်းမောနေတယ်ကွာ၊ ငါဆီးဖြူရွက်ဆိုတဲ့ သေးသေးကလေး အရွက်ကလေးတွေပေါ့ဗျာ၊ မင်းမောလို့ ဆီးဖြူရွက်တစ်ရွက်နဲ့ ရေထုပ်လာခဲ့တယ်ဆိုရင်ဖြင့် ယုံစရာရှိရဲ့လား… (မရှိပါဘုရား)၊ ရေမှ ထုပ်လို့မရဘဲကိုး…(မှန်ပါ့)၊ ရေမှထုပ်လို့ မရတော့ ဒကာ၊ ဒကာမတွေ ဝနိုင်ပါ့မလား…(မဝနိုင်ပါဘုရား)၊ သောက်လို့ကော ဖြစ်ရဲ့လား…(မဖြစ်ပါဘုရား)။

အဲ…ဆီးဖြူရွက်နဲ့ ရေထုပ်လာတယ် မင်းမောလို့၊ မင်းသောက်ပေတော့လို့ ပြောလို့ရှိရင် မယုံရသလို၊ သစ္စာမသိဘဲနဲ့ ငါနိဗ္ဗာန်ရောက်ခဲ့တယ်ဆိုရင် ဘယ်တော့မှ မယုံနဲ့…(မှန်ပါ့)၊ အကိုးအကား သစ္စာသံယုတ်ပါပဲ…(မှန်ပါ့)၊ သဘောကျကြရဲ့လား… (ကျပါတယ်ဘုရား)။

သစ္စာမသိဘဲနဲ့ ငါနိဗ္ဗာန်ကို ရောက်ခဲ့တယ်ဆိုရင် ဆီးဖြူရွက်နဲ့ ရေထုပ်လာတယ်လို့ ပြောတာနဲ့ အတူတူပဲ၊ လိမ်လည်မှုတစ်ခုလို့ မှတ်ပါ…(မှန်ပါ့)။

သစ္စာမသိဘဲနဲ့ နိဗ္ဗာန်ရောက်တယ်လို့ ဟောတဲ့ပုဂ္ဂိုလ်က ဟောလို့ရှိရင် လိမ်လည်မှုလို့မှတ်ပါ…(မှန်ပါ့ဘုရား)၊ ဘယ်လိုမှတ်ကြမလဲ…(လိမ်လည်မှုလို့ မှတ်ပါ့မယ်)။

သစ္စာမသိဘဲနဲ့ ကျုပ် နိဗ္ဗာန်ရောက်အောင် ဟောပါ့မယ်လို့ ဟောလို့ရှိရင် ဟောတဲ့ ဘုန်းကြီးဟာလည်း လိမ်လည်မှု၊ ဟောတဲ့ ဒကာဖြစ်ခဲ့ရင်လည်း …(လိမ်လည်မှုပါပဲဘုရား)။

လိမ်လည်မှုပဲ၊ ဆီးဖြူရွက်နဲ့ ရေထုပ်လာခဲ့တယ်၊ မင်း အတွက်ဆိုလို့ရှိရင် ဒကာ၊ ဒကာမတို့ လိမ်တာ သက်သက်ပဲဆို တာ ခင်ဗျားတို့ ယုံကြမှာပါပဲ...(မှန်ပါ့)။

ဒီမှာလည်း သစ္စာမသိဘဲနဲ့ နိဗ္ဗာန်ရောက်ခဲ့တယ်ဆိုရင်ဖြင့် နိဗ္ဗာန်ရောက်တဲ့ တရားလို့ ဟောကြ၊ ပြောကြလို့ရှိရင်ဖြင့် ဒီတရား ဟာ ဝေးသောအကြောင်းသာဟုတ်၍ နီးသောအကြောင်းမဟုတ်ဘူး လို့ မှတ်လိုက်ပါ၊ သဘောပါကြရဲ့လား...(ပါ ပါတယ်ဘုရား)။

ဘာတဲ့တုံး...(ဝေးသောအကြောင်းသာဖြစ်တယ်၊ နီးသော အကြောင်းမဖြစ်ဘူး)၊ ဝေးသောအကြောင်းတော့ ဟုတ်ပါရဲ့တဲ့၊ နီး သောအကြောင်းကျတော့ ... (မဟုတ်ပါ)၊ မဟုတ်ဘူးဆိုတာ သေချာကြပလား...(သေချာပါတယ်)။

## သစ္စာသိဖို့ အရေးကြီးတယ်

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ သစ္စာသိဖို့ အရေးဟာဖြင့် နိဗ္ဗာန်ရောက်ချင်တယ်၊ ဒုက္ခခပ်သိမ်းငြိမ်းချင်မယ်၊ အပူသိမ်းချင်တယ်ဆိုရင် သစ္စာသိအောင် လုပ်ဖို့ကို ဘုန်းကြီးများ ဟောရမယ်၊ သဘောပါကြလား...(ပါ ပါတယ်ဘုရား)။

ဒကာ၊ ဒကာမတွေ ဘာဟောရမယ်...(သစ္စာသိဖို့ဟော ရမယ်)၊ နောက်က ဒကာ၊ ဒကာမတွေ ဘုန်းကြီးဘာဟောရမှာပါ လိမ့်...(သစ္စာပါဘုရား)၊ သစ္စာသိအောင် ဟောရလိမ့်မယ်ဆိုတာ ယုံကြည်ကြပလား...(ယုံကြည်ပါတယ်)။

သစ္စာမသိသေးဘဲနဲ့ ဒကာ၊ ဒကာမတွေ ဒါန အကြောင်း အကျိုးကိုသိတယ်၊ သီလအကြောင်းအကျိုးကို သိတယ်၊ သမထ အကြောင်းအကျိုးကိုသိတယ်၊ ဝိပဿနာ အကြောင်းအကျိုးကို သိရုံမျှနဲ့ သစ္စာမဆိုက်သေး၊ ဘယ်တော့မှ နိဗ္ဗာန်မရသေးလို့ ဆုံးဖြတ်ချက်ချပါ...(မှန်ပါ့)။

ဒါဖြင့် အင်မတန် အရေးကြီးပေါ့ဆိုတာ သိပြီလား... (သိပါပြီဘုရား)၊ ကြာဖက်နဲ့ ဟိုရေကန်ထဲမှာရှိကြတဲ့ ပဒုမ္မာကြာဖက် တွေနဲ့ ရေထုပ်လာခဲ့တယ်၊ မင်းမောလို့ သောက်ဖို့လို့ တစ်ယောက် သော ပုဂ္ဂိုလ်က မောတဲ့ပုဂ္ဂိုလ်အား ပေးခဲ့သော် ယုံပါ၊ ကြာဖက်နဲ့ တော့ ရေထုပ်လို့ရတယ်...(မှန်ပါ့ ရပါတယ်)။

ထို့အတူပဲတဲ့ သစ္စာသိပြီး ကျုပ် ဒုက္ခဝဋ်ကျွတ်တဲ့ နိဗ္ဗာန် ရောက်ခဲ့တယ်ဆိုရင် ယုံသာယုံလိုက်ပါ၊ သဘောကျပလား...(ကျ ပါပြီဘုရား)။

ဒါဖြင့် သစ္စာမသိဘဲနဲ့ နိဗ္ဗာန်ရောက်တယ်ဆိုရင်ဖြင့် ခင်ဗျား တို့ ယုံကြမလား...(မယုံပါဘုရား)။

ဘာယုံစရာရှိတော့သတုံး၊ ခင်ဗျားတို့ ရထားတဲ့ ဓမ္မစကြာ မှာ စက္ခုံဥဒပါဒိ၊ စက္ခုံ၊ ဉာဏ်မျက်စိသည်၊ ဥဒပါဒိ၊ ဒုက္ခကို မြင်ခြင်းဖြစ်ပေါ်လာ၏ဆိုကတည်းက ဒီကျမှ မျက်စိနှစ်ကွင်း အလင်း ရတဲ့ဥစ္စာ၊ နဂိုကအကန်းပဲ၊ ဘယ်ကလာ နိဗ္ဗာန်ရမှာတုံး၊ သဘော ပါကြပလား...(ပါ ပါတယ်ဘုရား)။

## ကိစ္စဉာဏ်

"စက္ခုဉ္ဒပါဒိ"ဆိုတာ သစ္စာကိုဟောတာ...(မှန်ပါ့)၊ သူမပါဘဲနဲ့ နိဗ္ဗာန်ရတယ်လို့ ပါကြရဲ့လား...(မပါ ပါဘုရား)၊ မပါတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ မနေ့က သစ္စဉာဏ်ဟောခဲ့ပါတယ်၊ ဒီနေ့ ဟောမှာက ကိစ္စဉာဏ် ဟောရပါလိမ့်မယ်၊ ဒီနေ့ ဘယ်ဉာဏ်ဟောရမယ်...(ကိစ္စဉာဏ်ဟောရမှာပါ)။

ကိစ္စဉာဏ်ဟောရမယ်ဆိုတော့ ဒကာ၊ ဒကာမတွေ သစ္စဉာဏ် မနေ့က နာပြီးကြပါပြီ။ မနာရသေးတဲ့ ပုဂ္ဂိုလ်များအတွက်တော့ နည်းနည်းထည့်ပေးဦးမပေါ့ဗျာ၊ အရေးတကြီး ဟောရမှာကတော့ သစ္စာ၏ ကိစ္စကို သိတဲ့ဉာဏ်ကို အရေးတကြီး ဟောလိမ့်မယ်လို့ မှတ်ပါ...(မှန်ပါ့)။

ဒီတရား ဘယ်ကလာသတုံးမေးတဲ့အခါကျတော့မှ ဓမ္မစကြာက လာတယ်လို့မှတ်ပါ၊ သဘောကျကြပြီလား...(ကျပါပြီဘုရား)၊ ဘယ်ကလာတုံး...(ဓမ္မစကြာကလာပါတယ်)၊ အဲဒီတော့ ဓမ္မစကြာဟာ ရွတ်ဖို့လား။

ဒကာ၊ ဒကာမတွေ မြင်အောင်ကြည့်ဖို့လားဆိုတဲ့ ဥစ္စာကို စက္ခုဉ္ဒပါဒိက ထောက်ခံချက်ပေးလိမ့်မယ်...(မှန်ပါ့)၊ စက္ခု၊ ဉာဏ်မျက်စိသည်၊ ဥဒပါဒိ၊ ဖြစ်ပေါ်လာအောင်လုပ်ကွဆိုတော့ ရွတ်ဖို့၊ ဖတ်ဖို့လား ဒကာ၊ ဒကာမတို့၊ ကိုယ့်ခန္ဓာသစ္စာကိုမြင်အောင်ကြည့်ပါလို့ ပြောတာလား...(မြင်အောင်ကြည့်ပါလို့ ပြောတာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့က အန္တရာယ်ကင်းသုံးနေတယ်၊ ဓမ္မစကြာရွတ်ပေ့ါ၊ အန္တရာယ်ကင်းသဟာဆိုတော့ ခင်ဗျားတို့သည် မနေ့က ပြောသည့်အတိုင်း...တဲ့၊ အားလုံး ဒကာ၊ ဒကာမတွေ လိမ်းဆေးလုပ်နေပြန်ပြီ၊ ဘာလုပ်နေကြတုံး...(လိမ်းဆေးလုပ်နေပါတယ်ဘုရား)။

ဆေးက သောက်ဆေးပါလား ဒကာ၊ ဒကာမတို့... (မှန်ပါ့)၊ ဆေးက ဘာဆေးပါလိမ့်...(သောက်ဆေးပါ)၊ ခင်ဗျားတို့က လမ်းလျှောက်ရွတ်၊ ဘုရားရှေ့သွားရွတ်၊ ရွတ်တော့ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ သစ္စာမြင်ပါရဲ့လား...(မမြင်ပါဘုရား)။

မမြင်တော့ ကုသိုလ်ရရုံပဲဖြစ်နိုင်တယ်၊ နိဗ္ဗာန်မရဘူး...(မှန်ပါ့)၊ သဘောပါပလား...(ပါ ပါတယ်ဘုရား)။

ကုသိုလ်တော့...(ရပါတယ်ဘုရား)။

နိဗ္ဗာန်တော့...(မရပါဘုရား)။

ဒကာ၊ ဒကာမတွေ ကျေနပ်ကြပလား...(ကျေနပ်ပါတယ်ဘုရား)၊ နောက်က ဒကာ၊ ဒကာမတွေ မကျေနပ်တာရှိရင်လည်း မေးနိုင်ပါတယ်နော်...(မှန်ပါ့)။

သို့သော် မေးချိန်က မရဘူး၊ လူတွေက များတဲ့အတွက် အားလုံး ဒကာ၊ ဒကာမတွေကို မေတ္တာရှေ့ထားပြီး ပြောတာတွေကိုသာ ဂရုစိုက်မှတ်ပြီး "အမှန်ပြောနေသပေ့ါ"ဆိုတာဟာ ဆုံးဖြတ်ချက်ချပြီး နာပေတော့...(မှန်ပါ့)။

ကိုင်း…ဒကာ၊ ဒကာမတို့ မနေ့က မသိရတဲ့ ပုဂ္ဂိုလ်များအတွက် ခင်ဗျားတို့၏ ဒါ အတိတ်ဘဝလို့ ခေါ်ပါတယ်၊ ဒကာ၊ ဒကာမတို့ အတိတ်ဘဝဆိုတာ ခင်ဗျားတို့ ဒီဘဝမဖြစ်ခင်ဘဝက အတိတ်ဘဝ…(မှန်ပါ့)။

ဒီဘဝ မဖြစ်ခင် ဖြစ်ခဲ့တဲ့အကြောင်းတွေ ဘာခေါ်ကြမလဲ …(အတိတ်ဘဝလို့) အတိတ်ဘဝဆိုတာ သေချာပလား…(သေချာပါပြီဘုရား)။

## သစ္စာမသိတာ အဝိဇ္ဇာ

ဒီမှာကြည့်ပါ၊ အတိတ်အကြောင်းလို့…ဆိုသောကြောင့် ဒါအတိတ်ဘဝ၊ ရှေ့ဘဝက ဒကာ၊ ဒကာမတွေ "စကျွဲဥဒပါဒီ" ဖြစ်ခဲ့ပါရဲ့လားလို့ မေးတဲ့အခါကျတော့ကို "ဒုက္ခေအညာဏံ"တဲ့၊ ဒုက္ခမသိတဲ့ အဝိဇ္ဇာသာဖြစ်ခဲ့သက္ခ…တဲ့၊ မျက်လုံးကန်းခဲ့သက္ခတဲ့၊ မျက်လုံးမပွင့်ခဲ့ဘူးတဲ့၊ အဝိဇ္ဇာဆိုတာ သစ္စာမသိတာ အဝိဇ္ဇာ… (မှန်ပါ့)၊ အဝိဇ္ဇာဆိုတာ ဘာပါလိမ့်…(သစ္စာမသိတာ အဝိဇ္ဇာပါဘုရား)။

ဒါဟာ ခင်ဗျားတို့ ယခုဘဝလား၊ အရင်ဘဝတွေကလား …(အရင်ဘဝတွေကပါဘုရား)၊ ဒါဖြင့် အရင်ဘဝက "စကျွဲဥဒပါဒီ" ဖြစ်ခဲ့ရဲ့လား…(မဖြစ်ခဲ့ပါဘုရား)၊ မဖြစ်ခဲ့တော့ ရှေးဘဝက ဒါယကာ၊ ဒါယိကာမတွေ အကန်းတွေလား…တဲ့၊ မျက်စိနှစ်ကွင်း အလင်းရတာတွေလားမေးရင် ဘယ့်နှယ်ဖြေမယ်…(အကန်းတွေပါဘုရား)၊

ညြော်...ကန်းမှန်းသိရင် ဆေးရှာလိမ့်မယ်၊ ကန်းမှန်းသိရင် ဆေး ရှာလိမ့်မယ်။

ဒကာ၊ ဒကာမတို့ ကန်းမှန်းမသိတဲ့ပုဂ္ဂိုလ်ဟာ ဆေးရှာ ပါ့မလား...(မရှာပါဘူးဘုရား)၊ အဲဒါကြောင့် ကိုယ့်အကန်းကိုယ် သိလို့ရှိရင်ဖြင့် ဆရာသမားဆီ...ဆေးရှာပြီး ဒီဆေးကို အမြဲစားသုံး လို့ရှိရင် ကိစ္စပြီးပါလိမ့်မယ်...(မှန်ပါ့)၊ မြန်အောင်ဦးတင်ကိစ္စပြီးမယ် ...(မှန်ပါ့)၊ သဘောကျရဲ့လား...(ကျပါတယ်ဘုရား)။

ရှေးဘဝက ခင်ဗျားတို့ အကန်းလား...မျက်စိနှစ်ကွင်း အလင်းရသလား...(မရပါဘုရား)၊ မရဘူးဆိုတာ သေချာပလား... (သေချာပါပြီဘုရား)။

ဒါကြောင့် သူက"ဒုက္ခေအညာဏံ"ဒုက္ခေ၊ ဒုက္ခသစ္စာ၌၊ အညာဏံ၊ မသိခြင်းသည်၊ အဝိဇ္ဇာ၊ အဝိဇ္ဇာပဲ။

ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဒုက္ခသစ္စာမသိတာ...(အဝိဇ္ဇာပါဘုရား)။

ကောင်းပြီ...ဒီအဝိဇ္ဇာဟာ ဒုက္ခသစ္စာမသိလို့ သူ့ကို အဝိဇ္ဇာ ခေါ်တယ်နော်...သမုဒယသစ္စာကော သူသိပါရဲ့လား... (မသိပါ ဘုရား)။

ဒါကြောင့် သမုဒယသစ္စာလည်း မသိဘူးဆိုသောကြောင့် သူ့ကို ဘာခေါ်ကြမလဲ...(အဝိဇ္ဇာပါ)၊ အဝိဇ္ဇာ...(မှန်ပါ့)၊ သဘော ကျပလား...(ကျပါပြီ)။

မဂ္ဂသစ္စာ ပွားများရလိမ့်မယ်လို့ကော သိရဲ့လား... (မသိပါဘုရား)၊ မသိသောကြောင့် သူ့ကို ဘာခေါ်မလဲ...(အဝိဇ္ဇာပါပဲဘုရား)။

နိရောဓသစ္စာကိုမြင်အောင် ကြည့်နိုင်တဲ့စွမ်းရည်သတ္တိ ရှိပါရဲ့လား...(မရှိပါဘုရား)၊ မရှိသောကြောင့် သူ့ကို ဘာခေါ်မလဲ...(အဝိဇ္ဇာပါပဲဘုရား)။

ဒါဖြင့် ရှေးဘဝက အကန်းကလေးမွေးလာတာ ဒကာ၊ ဒကာမတွေ ရှေးဘဝက မျက်စိနှစ်ကွင်း အလင်းရသလား... အကန်းပဲလား...(အကန်းပါဘုရား)၊ အကန်းပဲဆိုတာ သေချာကြပလား...(သေချာပါတယ်)။

## မျက်စိနှစ်ကွင်းအလင်းရအောင်မယူရင်

ဒီတစ်ခါ ဘုန်းကြီးနဲ့တွေ့လို့မှ မျက်စိနှစ်ကွင်း အလင်းရအောင် မယူဘူးဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ သေလို့ရှိရင် "အကန်းမသာကြွတော်မူပါ"လို့သာ ဖိတ်ပါတော့...(မှန်ပါ့)။

ဘယ်လောက်ဆိုးသွားမယ်ဆိုတာ မပေါ်ဘူးလား...(ပေါ်ပါတယ်ဘုရား)။

ဘာမသာဖြစ်ကြမယ်ထင်သတုံး...(အကန်းမသာဖြစ်မယ်)။

မွေးတုန်းကကော...(အကန်းပါဘုရား)။

သေတော့ကော...(အကန်းပါဘုရား)။

ဘာကြောင့်တုံး...(သစ္စာသိမသွားလို့ပါဘုရား)။

ဒါကြောင့် မသာဖိတ်စာကို ကိုထွန်းအောင်ကြီး ဘယ်လို တပ်မယ် စိတ်ကူးသလဲ...(အကန်းမသာ) အကန်းမသာ၊ ရိပ်မိ ကြပလား...(ရိပ်မိပါပြီဘုရား)။

ဒီတစ်ခါမှ ခင်ဗျားတို့ ကြုံကြုံကြိုက်ကြိုက်ရှိတုန်းကို မကြိုး စားတော့ပါဘူးဆိုလို့ရှိရင်ဖြင့် ကိုယ်ကျိုးလှလှကြီးနည်းပေါ့၊ သဘော ကျပလား...(ကျပါပြီ)။

ဒီတစ်ခါ ကြုံကြိုက်တုန်းကို ခင်ဗျားတို့ ကျကျနန နား လည်းမလည်ဘူး၊ ဘုန်းကြီးပြောတဲ့အတိုင်း အလုပ်စခန်းလည်း ပေး မှာကိုး၊ ဒီအလုပ်လည်း မလုပ်ဘူးဆိုရင်ဖြင့် အကန်းကလေးမွေးပြီး အကန်းကလေးသေပဟ၊ ဒီလိုဆုံးဖြတ်ချက်ချရင် လွဲပါ့မလား... (မလွဲပါဘုရား)။

## အဝိဇ္ဇာဆိုတာ

ဘာကြောင့်တုံးဆိုတော့ အဝိဇ္ဇာဆိုတာသည်တဲ့၊ သိ ကောင်းတာမသိ၊ မသိကောင်းတာ သိတာ အဝိဇ္ဇာ၊ သဘောကျ ကြပလား...(ကျပါပြီ)။

အဝိဇ္ဇာဆိုတာ ဘာပါလိမ့်...(သိကောင်းတာ မသိ၊ မသိ ကောင်းတာ သိတာပါဘုရား)။

သိကောင်းတာက သစ္စာလေးပါး...(မှန်ပါ့)၊ ဒါကျတော့ သူမသိဘူးတဲ့၊ မသိကောင်းတဲ့ လူ့ပြည်၊ နတ်ပြည်ရောက်ကြောင်းတွေကျတော့ သူပါမှ လုပ်ဖြစ်တယ်။

လူ့ပြည်၊ နတ်ပြည်ရောက်ကြောင်းဆိုတော့ လူဖြစ်တော့ ဒုက္ခသစ္စာမလာဘူးလား...(လာပါတယ်ဘုရား)။

အဲ...လူ့ပြည်၊ နတ်ပြည်ရောက်ကြောင်းတော့ လုပ်တဲ့၊ သူက တွန်းပေးတယ်၊ အပါယ်ရောက်ကြောင်းကျတော့ကော...(တွန်းပေးပါတယ်)။

ဒါဖြင့် သိကောင်းတာကို သူသိရဲ့လား...(မသိပါဘုရား)၊ မသိကောင်းတာကျတော့...(သိပါတယ်ဘုရား)။

ဒါဖြင့် သိကောင်းတာ မသိ၊ မသိကောင်းတာ သိသောကြောင့် သူ့ကိုတာခေါ်ကြမလဲ...(အဝိဇ္ဇာပါဘုရား)၊ အဲဒီတော့ ဒကာ၊ ဒကာမတွေ မှတ်ရမှာက အဝိဇ္ဇာဆိုတာ လုံးဝမသိတာကို ဆိုတာလား၊ သိကောင်းတာကို မသိတာ၊ မသိကောင်းတာ သိတာဆိုတာလား ဆိုတာကကော ယနေ့ ရှင်းပလား...(ရှင်းပါပြီဘုရား)။

သိကောင်းတာကျတော့...(မသိပါဘုရား)။

မသိကောင်းတာကျတော့...(သိပါတယ်ဘုရား)။

အို...ကြောက်စရာကြီးပါလား၊ ချောက်တွန်းပေးမည့်နေရာကျတော့ ဗိုလ်စွဲတယ်၊ ချောက်လွတ်ဖို့နေရာကျတဲ့အခါကျတော့ သူမသိအောင် ပိတ်ပင်ထားတယ်၊ ဘယ်လောက်ဆိုးဝါးတဲ့ တရားလည်းဆိုတာ ဒကာ၊ ဒကာမတွေ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

## ကျေးဇူးရှင်ဆိုတာ

အဲဒီအဝိဇ္ဇာကို ဘုန်းကြီးက ဝိဇ္ဇာဖြစ်အောင် လုပ်မပေးနိုင်လို့ရှိရင်ဖြင့်...တဲ့၊ ဘုန်းကြီးလည်း မကိုးကွယ်ကြနဲ့ အင်မတန်မှ ဆိုးဝါးသွားမယ်၊ အကန်းကို ကုမပေးခဲ့ဘဲကိုး၊ သဘောကျရဲ့လား ...(ကျပါတယ်ဘုရား)၊ အကန်းကုမပေးခဲ့လို့ရှိရင်ဖြင့် ကျေးဇူးရှင်လို့ ဆိုလို့ရပ့်မလား...(မရပါဘုရား)။

ဒါဖြင့်...ဘုန်းကြီးတို့ သည်ကားလို့ ဆိုလို့ရှိရင်ဖြင့်...တဲ့၊ ဒီ...ဒကာ၊ ဒကာမတွေကို သေသေချာချာ ကုသမည့် ဆရာပဲဆိုတာ သေသေချာချာမှတ်ပါ...(မှန်ပါ့)၊ ကုတော့မှပဲ ဒကာ၊ ဒကာမတို့ ကုသပေးမည့်ဆရာတွေ့ပြီ မဟုတ်လား...(တွေ့ပါပြီဘုရား)။

အဝိဇ္ဇာဆိုတာ သိကောင်းတာကျတော့...(မသိပါဘုရား)။

သိကောင်းတာ ဘာပါလိမ့်...(သစ္စာလေးပါးပါဘုရား)။

သစ္စာလေးပါး၊ အဲဒါကျတော့ ဘာတဲ့...(မသိပါဘုရား)။

လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည် ရောက်ကြောင်းကျတော့ ...(သိပါတယ်ဘုရား)၊ ဟာ...ဒုက္ခသစ္စာရမှာကတော့ သူက သိတယ်ကိုး၊ ဒုက္ခလွတ်မည့် နေရာကျတော့...(မသိပါဘုရား)။

## အဝိဇ္ဇာ၏စွမ်းရည်သတ္တိ

ဒါမနေ့က မပြောဖူးဘူး၊ သေသေချာချာမှတ်၊ ဒါ တိုးပေးတာ အဝိဇ္ဇာ၏ စွမ်းရည်သတ္တိတိုးပေးလိုက်တာ...(မှန်ပါ့ဘုရား)၊

သိကောင်းတာ မသိ၊ မသိကောင်းတာ သိတာ ဘာပါလိမ့်... (အဝိဇ္ဇာပါဘုရား)၊ ရှင်းကြပလား...(တင်ပါ့၊ ရှင်းပါပြီဘုရား)။

သစ္စာလေးပါးကျတော့ သူကဘာတဲ့...(မသိပါဘုရား)၊ လူ့ပြည်၊ နတ်ပြည်၊ အပါယ်ရောက်ကြောင်းတွေကျတော့ ... (သိပါတယ်ဘုရား)။

ဒါကြောင့် မကောင်းတဲ့နေရာမှာ ဗိုလ်စွဲတယ်၊ ကောင်းတဲ့နေရာမှာ လမ်းပိတ်တာသူပဲ...(မှန်ပါ့)၊ မကောင်းတဲ့နေရာ ဗိုလ်စွဲပြီး ခေါင်းဆောင်တာက ဘယ်သူပါလိမ့်...(အဝိဇ္ဇာပါဘုရား)၊ ကောင်းတဲ့နေရာ လမ်းဟူသရွေ့ပိတ်ထားတာ ဘယ်သူပါလိမ့်... (အဝိဇ္ဇာပါဘုရား)။

## နှစ်ပေါက်သွားရှိတဲ့လွှ

ဒါဖြင့် အဝိဇ္ဇာဟာ နှစ်ဖက်သွားရှိတဲ့ လွှနဲ့တူတယ်၊ ရိပ်မိကြပလား...(ရိပ်မိပါပြီ)၊ နှစ်ဖက်သွားရှိတဲ့လွှနဲ့တူတယ်ဆိုတော့ ဒကာ၊ ဒကာမတွေ ဩော်...သိကောင်းတာတော့ အသိမပေးဘူး၊ မသိကောင်းတာကျတော့ အသိပေးတယ်၊ သူ့နာမည် ဘယ့်နှယ်ခေါ်ကြမလဲ...(အဝိဇ္ဇာပါဘုရား)။

အဲဒီတော့ ဒကာ၊ ဒကာမတွေ မှတ်ထားတာက အဝိဇ္ဇာဆိုတာ ဘာမှ မသိတာဘုရား...ဒီလိုယူကြတယ်...(မှန်ပါ့)။

ဒကာ၊ ဒကာမတွေ ဒီလိုမယူကြဘူးလား...(ယူပါတယ်ဘုရား)၊ အဝိဇ္ဇာဆိုတာ ဘာမှမသိတာ၊ မဟုတ်ပါဘူး၊ သိကောင်းတာသာ သူမသိတာ၊ မသိကောင်းတာကျတော့ ခေါင်းဆောင်ပါ၊ ပေါ်ကြပလား...(မှန်ပါ့၊ ပေါ်ပါပြီ)၊ သိကောင်းတာကျတော့...(မသိပါဘုရား)၊ မသိကောင်းတာကျတော့...(သိပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာအင်မတန်မဆိုးဘူးလား...(ဆိုးပါတယ်ဘုရား)၊ ဒါဖြင့် ရှေးဘဝက ဒကာ၊ ဒကာမတွေ သိကောင်းတာ သိခဲ့သလား၊ မသိကောင်းတာ သိခဲ့သလား...(မသိကောင်းတာ သိခဲ့ပါတယ်ဘုရား)၊ မသိကောင်းတာသိခဲ့လို့ ဒီသင်္ခါရခင်ဗျားတို့လုပ်တာ...(မှန်ပါ့)။

နတ်ပြည်ရောက်ကြောင်း ကုသိုလ်တွေလည်းလုပ်တယ်။

ဗြဟ္မာပြည်ရောက်ကြောင်း သမထတွေကော...(လုပ်ပါတယ်ဘုရား)။

ကောင်းပြီနော်၊ ပြီးတော့ လူ့ပြည်မှာ စားဖို့သောက်ဖို့သွားဖို့မယားဖို့ဆိုတဲ့ အကုသိုလ်တွေကော...(လုပ်ပါတယ်ဘုရား)။

ဒါဖြင့် မသိကောင်းတာကျတော့ကို ဒကာ၊ ဒကာမတို့သိအောင်လုပ်တယ်၊ မင်းလုပ်မှစားရမှာ သဘောကျပလား...(ကျပါတယ်)၊ အဲဒီတော့ "အဝိဇ္ဇာပစ္စယာသင်္ခါရာ"ဆိုတာ မပေါ်သေးဘူးလား...(ပေါ်ပါတယ်ဘုရား)၊ အဝိဇ္ဇာပစ္စယာ...(သင်္ခါရာ)ပေါ်ကြပြီနော်...(မှန်ပါ့ဘုရား)။

စာဆိုလား၊ ခင်ဗျားတို့ ခန္ဓာထဲဖြစ်တဲ့ တရားနှစ်ခု၊ တစ်ခု တစ်ခု ကျေးဇူးပြုနေတာလား...ဆိုတာ အကဲခတ်စမ်း၊ ခန္ဓာထဲမှာ တစ်ခုနဲ့တစ်ခု ကျေးဇူးပြုနေတယ်၊ ဒကာ ဒကာမတို့။

## အဝိဇ္ဇာက ဘာကို ကျေးဇူးပြုသတုံး

အဝိဇ္ဇာက ဘာကို ကျေးဇူးပြုသတုံး...(သင်္ခါရကိုပါ)၊ သင်္ခါရ ကျေးဇူးပြုတယ်နော်၊ ကောင်းပြီ ဒါဖြင့် ဒီသင်္ခါရဟာ သိကောင်းတဲ့ ပုဂ္ဂိုလ်လုပ်တဲ့ အလုပ်လား၊ မသိကောင်းတဲ့ပုဂ္ဂိုလ်က လုပ်တာလားမေးရင် ဘယ့်နှယ်ဖြေကြမလဲ...(မသိကောင်းတဲ့ ပုဂ္ဂိုလ် လုပ်တာပါဘုရား)။

## နားကြီးကြီးနဲ့ နားထောင်ပါ

ဝိဝဋ္ဋကို ခင်ဗျားတို့မလုပ်ဘူး...(မှန်ပါ့)၊ ဝဋ္ဋဆိုတဲ့ ဒီဘက်ကူးမှာတွေ သွားလုပ်တယ်၊ သဘောပါကြပလား...(ပါပါတယ်) နားကြီးကြီးနဲ့ ထောင်ပါဆိုတာလည်း သတိပေးလိုက်ပါတယ်... (မှန်ပါ့)။

ဒကာ၊ ဒကာမတွေ ဘာနဲ့နားထောင်ရမယ်...(နားကြီးကြီးနဲ့ထောင်ရမှာပါ)၊ နားကြီးကြီးနဲ့ထောင်ပါ၊ နားသေးသေးနဲ့ ဆိုရင်ဖြင့် တွေ့ခဲကြုံခဲဖြစ်နေတော့ တရားဆန်းဖြစ်နေလိမ့်မယ်။

တရားကတော့ အမှန်ဆုံးလို့ ဆုံးဖြတ်ချက်ချပါ၊ သစ္စာထက် မှန်တာရှိသေးရဲ့လား...(မရှိပါဘုရား)၊ ကောင်းပြီ၊ ဒါဖြင့် ဘုန်းကြီး က ဟောတာလား...တဲ့၊ ဘုရားဖြစ်စမှာ စကိုင်တဲ့တရားလား... (ဘုရားဖြစ်စမှာ ကိုင်တဲ့ တရားပါဘုရား)၊ ဒီပြင် ဆွမ်းတရား၊ ကွမ်းတရားတွေ ဒီအချိန်မှာ ပေါ်ကိုမပေါ်သေးဘူး၊ ပေါ်ရဲ့လား ... (မပေါ်သေးပါဘုရား)။

မပေါ်သေးတော့ တရားဦးလို့တော့ ခင်ဗျားတို့သိပါရဲ့၊ သစ္စာကို ရှေးဦးစွာ သိထားရမယ်ဆိုတာ ခင်ဗျားတို့ ဖယ်ထားတဲ့ အတွက် ဒါန၊ သီလ တရားတွေ လွှမ်းမိုးပြီး သစ္စာတရားက ကွယ် ထွက်သွားတယ်...(မှန်ပါ့)၊ သဘောပါကြပလား...(ပါ ပါတယ်)၊ ဘာကွယ်သွားတာပါလိမ့်...(သစ္စာတရားကွယ်သွားပါတယ်ဘုရား)၊ ရှင်းကြပလား...(ရှင်းပါပြီ)၊ ကောင်းပြီ ဒါဖြင့် သိကောင်းတာ မသိ၊ မသိကောင်းတာ သိတာ ဘာပါလိမ့်...(အဝိဇ္ဇာပါဘုရား)။

ဒါဖြင့် မသိကောင်းတာသိတဲ့အတွက် လူ့ပြည်၊ နတ်ပြည် ရောက်ကြောင်း ကုသိုလ်၊ အပါယ်ရောက်ကြောင်း အကုသိုလ်တွေ ကို အလုပ်နိုင်းတာ ဘယ်သူပါလိမ့်မတုံးဆိုတာ ရိပ်မိကြပလား... (ရိပ်မိပါတယ်ဘုရား၊ အဝိဇ္ဇာ)။

အဝိဇ္ဇာကြောင့် လုပ်ဖြစ်တာ။

အဝိဇ္ဇာကြောင့်...(သင်္ခါရပါဘုရား)၊ သင်္ခါရာ၊ မြန်မာလို ပြန်ကြစို့၊ မသိလို့လုပ်ဖြစ်တာ...(မှန်ပါ့)၊ မြန်မာလိုပြန်တော့... (မသိလို့လုပ်ဖြစ်တာပါ)၊ မသိလို့လုပ်ဖြစ်တာ...(မှန်ပါ့)၊ ပေါ်ကြပ

လား...(ပေါ်ပါပြီဘုရား)။

မြန်မာလိုပြန်တော့ သူက ဘာတုံး...(မသိတာ)၊ သူက ဘာတုံး...(လုပ်ဖြစ်တာ)၊ ဒါဖြင့် မသိလို့လုပ်ဖြစ်တယ်၊ သဘော ကျပလား...(ကျပါပြီ)။

## လမ်းကောင်းလမ်းမှန်

ဒါဖြင့် မသိလို့လုပ်တဲ့ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှာဖြင့် လမ်းကောင်း၊ လမ်းမှန်ရောက်ပဲ့မလားဆိုတဲ့ မေးခွန်းထွက်လာတယ်၊ လမ်းကောင်းလမ်းမှန်ရောက်ပဲ့မလား...(မရောက်ပါဘုရား)၊ မ ရောက်တော့ကို ချော်လဲစရာနဲ့ သေပွဲဝင်ရမယ်၊ ချော်လဲပြီး သေပွဲ ဝင်ရမယ်...(မှန်ပါ)၊ သဘောပါကြလား...(ပါ ပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒါဟာ အတိတ်ဘဝက "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဆိုတာ မပေါ်သေးဘူးလား...(ပေါ်ပါတယ်ဘုရား)၊ ကောင်း ပြီ၊ သူတို့သည်ကားလို့ဆိုလို့ရှိရင်ဖြင့် ဘာသစ္စာတုံးမေးတော့ ဒီနား ကပ်ကြည့်လိုက်၊ ဒီအပိုင်းအတွင်းထဲမှာ ဒီနားကပ်ကြည့်တော့ ဘာ သစ္စာတွေ့သတုံး...(ဒုက္ခသစ္စာတွေ့ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ လုပ်လာတာ သမုဒယသစ္စာ လုပ်လာ တော့ ဒုက္ခဖြစ်ကြောင်း လုပ်လာတာ...(မှန်ပါ)၊ ပေါ်ကြပလား ...(မှန်ပါ၊ ပေါ်ပါပြီဘုရား)။

ဘာသစ္စာလုပ်လာသတုံး...(သမုဒယသစ္စာလုပ်လာပါ

တယ်) သမုဒယသစ္စာဆိုတာ ဘာဖြစ်ကြောင်းပါလိမ့်...(ဒုက္ခဖြစ်ကြောင်းပါဘုရား)။

ဩော်...သနားစရာကောင်းလိုက်တာ၊ ဒကာ၊ ဒကာမတို့ သနားစရာကောင်းတယ်ဆိုတော့ ဘုန်းကြီးက ဝမ်းနည်းသံနဲ့ ပြောတာလား၊ ခင်ဗျားတို့ဖြစ်စဉ်က အရုပ်ဆိုးတာလား...(ဖြစ်စဉ်က အရုပ်ဆိုးတာပါဘုရား)။

ဖြစ်စဉ်က အရုပ်ဆိုးတာ အခုမပေါ်သေးပါဘူး၊ တော်ကြာ ခဏနေပေါ်လာလိမ့်မယ်...(မှန်ပါ့)၊ ခဏနေတော့ ပေါ်ပါလိမ့်မယ် ဆိုတာ ဒကာ၊ ဒကာမတို့ လေးစားစွာ မှတ်ပါ...(မှန်ပါ့)။

ဒီဘဝမှာ ဒီနေရာ သင်္ခါရတွေလုပ်ပြီး ဒါယကာ၊ ဒါယိကာမတွေက သေလိုက်ပါတယ်၊ သေလိုက်တော့ သေပြီးသည်၏ အခြားမဲ့၌ ဒီသင်္ခါရကတော့ဖြင့် ကမ္မသမင်္ဂီဖြစ်နေသောကြောင့် သတ္တိက မသေဘဲဖြစ်နေတယ်၊ အထည်ကတော့ အနိစ္စရောက်တယ်၊ သတ္တိက မသေတော့ "သင်္ခါရပစ္စယာ ဝိညာဏံ"ဆိုပြီး ပဋိသန္ဓေဘဝရောက်လာတယ်၊ သဘောကျပလား...(ကျပါတယ်ဘုရား)။

ဘယ်ဘဝရောက်လာသလဲ...(ပဋိသန္ဓေဘဝရောက်လာပါတယ်)၊ ဘာသစ္စာရမလဲ...(ဒုက္ခသစ္စာရပါတယ်)။

ကိုယ်ကျိုးနည်းပြီ၊ ဒကာ၊ ဒကာမတို့ ဘယ့်နှယ်ဆိုကြမယ်...(ကိုယ်ကျိုးနည်းပါပြီ)၊ ဘာသစ္စာရလို့တုံး...(ဒုက္ခသစ္စာရလို့)။

## ဝိညာဏ်

ကိုင်း...ဒါဖြင့် ခင်ဗျားတို့၏ မသိလို့လုပ်မှုသည် ဝိညာဏ် ဆိုတဲ့ ပဋိသန္ဓေနေရပါတယ်၊ ပဋိသန္ဓေဝိညာဏ်...(မှန်ပါ့)၊ သဘော ကျပလား...(ကျပါပြီဘုရား)။

ဒါ ဘာဝိညာဏ်ပါလိမ့်...(ပဋိသန္ဓေဝိညာဏ်ပါဘုရား)၊ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါ)၊ ဪ...ဘယ်ကာလများ ရနေပါ လိမ့်မတုံးမေးတော့...(ပစ္စုပ္ပန်ကာလပါ)ဟော...ပစ္စုပ္ပန်ကာလ ရနေ ပြီဆို။

ဒါဖြင့် ဒီ ဒကာ၊ ဒကာမတွေ အခု ဘာသစ္စာရနေပြန်တုံး ...(ဒုက္ခသစ္စာရနေပါတယ်)၊ ဒုက္ခသစ္စာရတာကို ဘုန်းကြီးများက ရမှန်းသိတော့မှ ဒါတွေ အရှုခိုင်းရမှာကိုးဗျ...(မှန်ပါ့)။

အဲဒီတော့ ဒုက္ခသစ္စာ အထူးပြောစရာလိုသေးသလား... (မလိုပါဘုရား)၊ တို့ရပြီးသား တို့ရှုရုံပဲ...(မှန်ပါ့)၊ မပေါ်သေးဘူး လား...(ပေါ်ပါပြီ)၊ တို့ရပြီးသားဟာ ဘာသစ္စာမှ တို့မှာ မရှိဘူး၊ တို့ရပြီးသား တို့ရှုလို့ရှိရင် တို့သစ္စာ တို့မြင်တာပဲ၊ ဘုန်းကြီးက မြင်ဖို့ တစ်ခုပဲ အားပေးဖို့လိုတယ်၊ ဒကာ၊ ဒကာမတွေ ဘာလို သတုံး...(မြင်ဖို့တစ်ခုပဲ အားပေးဖို့လိုပါတယ်)။

နောက်က ဒကာ၊ ဒကာမတွေ ဘာလိုသတုံး...(မြင်ဖို့ တစ်ခုပဲ အားပေးဖို့လိုပါတယ်)၊ ခင်ဗျားတို့ ရပြီးသား ရှိပြီလား... (ရှိပါတယ်)၊ ဘာတွေများရသလဲ...(ဒုက္ခသစ္စာရပါတယ်)။

## သစ္စာကဘယ်မှာရှိသလဲ

ဩော်...ဒါဖြင့် တရားနာကြတာ ယောဂီအားတွေလား၊ မိန်းမတွေလား၊ ဒုက္ခသစ္စာတွေလား...(ဒုက္ခသစ္စာတွေပါဘုရား)၊ ဒီကျမှ နည်းနည်းပေါ်လာတယ်နော်...(တင်ပါ့ဘုရား)။

ဒီဒုက္ခသစ္စာက မိုးပေါ်ကျလား၊ ဒကာ၊ ဒကာမတို့ ကိုယ်မသိလို့ လုပ်လို့ဖြစ်ရတာလား...(ကိုယ်မသိလို့ လုပ်လို့ဖြစ်ရတာပါဘုရား)၊ မသိလို့ ပြုလုပ်ကြတာ၊ ပြုလုပ်လို့ ဒီမှာ ဒုက္ခသစ္စာ ရပါတယ်...(မှန်ပါ့)၊ မရဘူးလား...(ရပါတယ်)။

ဒါဖြင့် မသိတာသည် ဒကာ၊ ဒကာမတို့ ကျုပ် ဒုက္ခကြောက်ပါတယ်၊ ဒါကြောင့် နောက်ဘဝများ အေးချမ်းမလားလို့ ကျုပ် ဒါန၊ သီလတွေ အကြီးအကျယ် လုပ်ပါတယ်ဆိုပြီးသကာလ ခင်ဗျားတို့က လုပ်လို့ရှိရင်ဖြင့် မသိလို့လုပ်သောကြောင့် ဟောဒီမှာ နတ်ပဋိသန္ဓေနေပါတယ်...(မှန်ပါ့)။

ဒါန၊ သီလကြောင့်...(မှန်ပါ့)၊ နတ်ပဋိသန္ဓေ မနေဘူးလား...(နေပါတယ်ဘုရား)၊ နေပင်နေငြားသော်လည်း ဘာသစ္စာလဲ...(ဒုက္ခသစ္စာပါဘုရား)၊ ဘုန်းကြီးက ဟောတာလား၊ သူဟာ ဇာတိလား...(ဇာတိပါဘုရား)၊ ဇာတိပိဒုက္ခသစ္စာတဲ့...(မှန်ပါ့)၊ မပေါ်သေးဘူးလား...(ပေါ်ပါပြီဘုရား)၊ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

ဒကာ၊ ဒကာမတွေ သဘောကျပလား...(သဘောကျပါပြီ)၊ နောက်က ဒကာ၊ ဒကာမတွေ ကျေနပ်ရဲ့လား...(ကျေနပ်

ပါတယ်ဘုရား)၊ ဘုန်းကြီးက လိမ်ပြောနေတာလား၊ အမြင်ပြတာ လား...(အမြင်ပြတာပါဘုရား)။

ဒါဖြင့် ဒီဥစ္စာဇာတိဗျာ...(မှန်ပါ့)၊ အစရှိသေးတာကိုး၊ ပစ္စုပ္ပန် ဘဝအစသူကမဟုတ်လား...(မှန်ပါ့)၊ ကြည့်လေ...ဒါ ပစ္စုပ္ပန်အကျိုး လို့ မဆိုဘူးလား...(ဆိုပါတယ်)။

အစမှာလည်း သူမပါဘူးလား...(ပါ ပါတယ်ဘုရား)၊ ဒီ အစဆိုတာ ဇာတိပဲ၊ ဇာတိပဋိသန္ဓေဝိညာဏ်ကိုဆိုပါတယ်၊ ဘာ သစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ ဒီအကွက်နဲ့ ဒီအကွက်ထဲပါတာ ဒုက္ခသစ္စာချည်းမှတ်လိုက်ပါ...(မှန်ပါ့)၊ ရှင်းပလား...(ရှင်းပါပြီ)။

## ကျန်းမာတယ် ချမ်းသာတယ်ဆိုတာ

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ယခု ကျန်းမာ ကြရဲ့လား၊ ချမ်းသာကြရဲ့လားလို့မေးရင် ခင်ဗျားတို့ ဘယ့်နှယ် ဖြေကြမယ်...(ကျန်းမာလို့ ချမ်းသာကြပါတယ်ဘုရား)။

ကျန်းမာတယ်၊ ချမ်းသာတယ်လို့ ခင်ဗျားတို့ ဖြေလိမ့်မယ် ...(မှန်ပါ့)၊ ဒါ ဒီဘဝထပ်ကန်းတာလို့ မှတ်ပါ၊ ရိပ်မိပလား... (ရိပ်မိပါပြီ)၊ ဘာတဲ့တုံး...(ဒီဘဝကန်းတာပါ)။

ဩော်...ခက်လိုက်တာ၊ နောက်ဘဝကန်းခဲ့တာ အားမရ သေးဘူးထင်တယ်၊ အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ က ဘုန်းကြီးမှ မျက်လုံးဖွင့်မပေးလို့ရှိရင် ကျန်းမာချမ်းသာလို့ တရား နာနိုင်တယ်လို့ ခင်ဗျားတို့ အဖြေထွက်မယ်...(မှန်ပါ့ဘုရား)။

မောင်ဘအေးတို့ မထွက်ပေးဘူးလား...(ထွက်ပါတယ်ဘုရား)၊ မင်းတို့ တရားလာနာနိုင်ကြသကိုးကွ၊ အို...နေကောင်းထိုင်သာရှိတုန်းလာရတာဆိုတော့၊ နေမကောင်း ထိုင်မသာတာ သိကိုမသိဘူး သိရဲ့လား...(မသိပါဘုရား)။

သူက နေကောင်းလည်း ဘာသစ္စာလဲ...(ဒုက္ခသစ္စာပါဘုရား)၊ နေမကောင်းလည်း ... (ဒုက္ခသစ္စာပါဘုရား)။

ဩော်...ဒုက္ခရောက်လျက်နဲ့ လာခဲ့ရတာပါဘုရားဆိုရင်တော့ တော်သေးတယ်...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ)။

အခုတော့ သုခနဲ့လာခဲ့တယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်နေတော့ အားကြီးမလွဲဘူးလား...(လွဲပါတယ်ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတွေ သစ္စာသိပလား၊ မသိသေးလို့လား...(မသိသေးလို့ပါ) မေးကြည့်ပါ၊ ကိုယ့်ကိုယ်ကို မေးကြည့်ပါ၊ တရားပွဲလာနိုင်ကြတာ ဒကာ၊ ဒကာမတွေ နေကောင်းထိုင်သာရှိကြရဲ့လားဆို ဘယ့်နှယ်ဖြေမလဲ...(ရှိတယ်လို့ ဖြေမှာပဲဘုရား)။

ရိုးရိုးဖြေပါရှိတယ်လို့ ဖြေမှာပဲ...(မှန်ပါ့ဘုရား)၊ ဒုက္ခသစ္စာသိလို့ ဖြေတာလား၊ မသိလို့ဖြေတာလား...(မသိလို့ဖြေတာပါဘုရား)။

ဒါဖြင့် ဒီဘဝလည်း မသိပြန်ဘူး...(မသိပါဘုရား)၊ ရှင်းပလား...(ရှင်းပါပြီ)၊ ဒီဘဝလည်း...(မသိပါဘုရား)၊ ကြည့်လေ...ပစ္စုပ္ပန်ဆိုတော့ ဒီဘဝမကျဘူးလား...(ကျပါတယ်)၊ ပစ္စုပ္ပန်တဲ့ ဒီဝိညာဏ်ဟာ၊ ဒီဝိညာဏ်ဟာ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါ)။

ဒီမှာ ဒုက္ခသစ္စာလို့ ဘုရားကဟောတယ်...(မှန်ပါ့)၊ ခင်ဗျား တို့က ကျန်းမာပါတယ်၊ ချမ်းသာပါတယ်ဆို သုခသစ္စာဖြစ်နေတယ် ...(မှန်ပါ့)၊ ခင်ဗျားတို့က ဘာသစ္စာဖြစ်နေသလဲ...(သုခသစ္စာဖြစ် နေပါတယ်)၊ ရှိတာက ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါ)၊ သိတာက ...(သုခသစ္စာပါဘုရား)။

သိတာက သုခသစ္စာ၊ ခင်ဗျားတို့က ကျန်းမာလို့ လာနိုင် ကြတာကိုးဗျ၊ သဘောပါပလား...(ပါ ပါတယ်ဘုရား)။

## အရိယာမျက်လုံးနဲ့ကြည့်ရင်

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပုထုဇဉ် ချန်လှပ်ကွာ၊ အရိယာမျက်လုံးနဲ့ ကြည့်မယ်ဆိုရင် ဘယ်အချိန်မှ မကျန်းမာဘူးကွလို့ သေသေချာချာဟောတယ်၊ ခန္ဓဝဂ္ဂသံယုတ် နကုလပိတာသုတ်မှာ သေသေချာချာဟောတယ်၊ မဟောဘူးလား ...(ဟောပါတယ်)။

အဲဒီ ဟောထားတာတွေဟာ ဒကာ၊ ဒကာမတွေ အဲဒီ တရားမျိုးကိုလည်း မကြားရတော့ အခုတရားနာလာကြတာ နေ ကောင်းထိုင်သာရှိကြရဲ့လားလို့မေးရင် တစ်ပြိုင်နက်တည်း သစ္စာ မသိတဲ့ အသံထွက်မယ်...(မှန်ပါ့)၊ ဒကာ၊ ဒကာမတွေ နေကောင်း ကြရဲ့လား၊ ဘယ့်နှယ်...(နေကောင်းပါတယ်ဘုရား)။

အင်း...အကန်းတွေဖြေပြီ...(မှန်ပါ့)၊ ရိပ်မိပလား...(ရိပ်မိ ပါပြီ)၊ ဘယ်သူတွေဖြေတာပါလိမ့်...(အကန်းတွေ ဖြေတာပါဘုရား)၊

ကြည့်လေ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆို တာ အခု တရားနာနေတဲ့ ခန္ဓာငါးပါး၊ သဘောကျပလား...(ကျပါ ပြီ)၊ အခု တရားနာနေတာက ဝိညာဉ်နဲ့လည်း သိလည်းသိပါတယ်။

နာမ်ရုပ်ကော မရှိကြဘူးလား...(ရှိပါတယ်ဘုရား)။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ကော... (ရှိပါတယ်ဘုရား)၊ ဖဿကော...(ရှိပါတယ်ဘုရား)၊ တရားနာလို့ ကောင်းတဲ့ ဝေဒနာကော...(ရှိပါတယ်ဘုရား)၊ ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား)။

အဲဒါ ဒုက္ခသစ္စာနဲ့ နာနေတာ ခင်ဗျားတို့က နေကောင်း ထိုင်သာရှိတယ်ဆိုတော့ သုခသစ္စာကို လုပ်ပစ်လိုက်တယ်...(မှန်ပါ့)၊ ဘယ်လောက်လွဲချက်သန်တုံး...(မှန်ပါ့)၊ မသန်ဘူးလား...(သန်ပါ တယ်ဘုရား)၊ ကဲ...နိဗ္ဗာန်ရပ့ါမလား...(မရနိုင်ပါဘုရား)၊ ဘာဖြစ် လို့ မရသတုံးလို့ မေးတဲ့အခါကျတော့မှ ဒကာ၊ ဒကာမတွေ ဒုက္ခ သစ္စာကိုပဲ မသိပါဘူး။

မသိတော့ ဒီဘဝ မသိတာကလည်း...တဲ့၊ ဘာနဲ့ မသိတာ တုံးမေးတော့ အဝိဇ္ဇာနဲ့ မသိတာ...(မှန်ပါ့)၊ သဘောကျပလား... (ကျပါပြီ)၊ ဒါဖြင့် ဒီဘဝလည်း ကန်းသလား...မြင်သလားမေးရင် ...(ကန်းပါတယ်ဘုရား)၊ ရှေးဘဝကကော...(အကန်းပါပဲဘုရား)၊ ဒီဘဝကျတော့ကော...(ကန်းတာပါပဲဘုရား)၊ နှစ်ချက်ပဲ...(မှန်ပါ့)၊ ရိပ်မိပလား...(ရိပ်မိပါပြီ)၊ ဒကာ၊ ဒကာမတွေ ဘယ့်နှယ်တုံး၊ ဒီ ဘဝကော မြင်ပလား၊ ကြောင်တောင်ကန်းလက်စ မသတ်သေးဘူး လား...(မသိပါဘုရား)။

## ဘုန်းကြီးပြောတဲ့ တစ်လုံးကို ကျကျနန နားလည်ရင်

အားကြီးစဉ်းစားကြပါ၊ ဒကာ၊ ဒကာမတို့၊ တရားကို တွင်တွင်ဟောလို့မရဘူး၊ ခင်ဗျားတို့ နားလည်မှုကို ရှေ့ထားဟော နေရပါတယ်၊ ဒီတစ်လုံးနားလည်ရင်လည်း ကိစ္စပြီးတာပဲ၊ သဘော ကျကြပလား...(ကျပါပြီဘုရား)၊ ဘုန်းကြီးပြောတဲ့ တစ်လုံးကို ကျကျ နန နားလည်ရင် ကိစ္စပြီးတယ်လို့ ဆုံးဖြတ်ချက်ချလိုက်စမ်းပါ... (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ မျက်စိနှစ်ကွင်း အလင်းရရင် လမ်း မှန်သွားတော့မယ်...(မှန်ပါ့)၊ မျက်စိနှစ်ကွင်း အလင်းမရသေးလို့ရှိရင် ဖြင့် အမှောင်ထဲပဲသွားမယ်...(မှန်ပါ့)၊ မသွားကြပေဘူးလား... (သွားပါတယ်ဘုရား)၊ သစ္စာမသိတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ မျက်စိ နှစ်ကွင်း အလင်းမရသေးဘူးဆိုတာ ဆုံးဖြတ်ချက်ချလိုက်စမ်းပါ... (မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ)၊ သစ္စာမသိတော့ ခင်ဗျားတို့ ရှေးဘဝက ကုသိုလ်ပြုခဲ့လို့ ဟော...လူ့ဘဝဆိုတဲ့ ခန္ဓာငါးပါးမရ ဘူးလား...(ရပါတယ်ဘုရား)။

သစ္စာသိပြီးလုပ်လို့ရှိရင် ခန္ဓာဒုက္ခသစ္စာရပါ့မလား... (မရပါ)၊ ဒါဖြင့် သစ္စာမသိဘဲနဲ့ လုပ်ခဲ့တဲ့အတွက် အဝိဇ္ဇာက ဖုံးလွှမ်း၊ သင်္ခါရက ပြုလုပ်ဆိုတော့ ခင်ဗျားတို့ ရှေးဘဝ သင်္ခါရက သာမည သင်္ခါရတော့ မဟုတ်ပါဘူး၊ လူဖြစ်ဖို့ သင်္ခါရ၊ လူဖြစ်ဖို့ ကုသိုလ် စေတနာပေါ့ဗျာ...(မှန်ပါ့)၊ မလုပ်ခဲ့ဘူးလား...(လုပ်ခဲ့ပါတယ်ဘုရား)၊ လုပ်ခဲ့တော့ ဘယ်သူက သက်သေခံတုံးဆိုတော့၊ အခု ဒကာ၊ ဒကာမတွေ လူပဲမဟုတ်လား...(မှန်ပါ့)။

အခု ၁ ကွက်ထဲမှာ နေသလား၊ ၂ ကွက်ထဲမှာနေသလား ... (၂ကွက်ထဲမှာနေပါတယ်)၊ ဘာသစ္စာထဲမှာရောက်နေသလဲ... (ဒုက္ခသစ္စာထဲမှာရောက်နေပါတယ်)၊ ဒါကြောင့် ဘုန်းကြီးက ဒကာ၊ ဒကာမတွေ ကျန်းမာရဲ့လား၊ ချမ်းသာရဲ့လားမေးတော့ ဘယ့်နှယ် ဖြေကြမလဲ...(ကျန်းမာပါတယ်၊ ချမ်းသာပါတယ်)၊ ကျန်းမာတယ်၊ ချမ်းသာတယ်လို့ဖြေနေတော့ ဘုရားက မင်းတို့ မကျန်းမာဘူး၊ မချမ်းသာဘူးဆိုတဲ့ ဒုက္ခသစ္စာက ဒီမှာပြတယ်မဟုတ်လား... (မှန်ပါ့)၊ မပြဘူးလား...(ပြပါတယ်ဘုရား)။

ခင်ဗျားတို့က ဘယ့်နှယ်တုံး၊ ကျန်းမာတယ်၊ ချမ်းသာတယ် ဆိုတော့ သစ္စာသိပလား၊ မသိသေးဘူးလား...(မသိသေးပါဘုရား)၊ မသိသေးတော့ သစ္စာမသိတာသည် ဒီအဝိဇ္ဇာက ဒီဘဝမှာပေါ်လာတဲ့ အဝိဇ္ဇာလား...(ဒီဘဝမှာပေါ်တဲ့ အဝိဇ္ဇာပါဘုရား)၊ ဟာ...ဒီဘဝ ဆက်ကန်းတာပေါ့...(မှန်ပါ့ဘုရား)၊ ဘယ့်နှယ်ဆိုကြမလဲ...(ဒီဘဝ ဆက်ကန်းတာပါဘုရား)၊ ဒီဘဝဆက်ကန်းတယ်ဆိုတာ ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီအကန်းပြဿနာဆုံးပါ့မလား ...(မဆုံးပါဘုရား)၊ အကန်းပြဿနာ မဆုံးနိုင်တော့ ဘုန်းကြီးများ က အကူအညီမှ မပေးလို့ရှိရင်ဖြင့် မရတော့ဘူး...(မှန်ပါ့)၊ ရပါ့ ဦးမလား...(မရပါဘုရား)၊ ဒကာ ဒကာမတွေ တကယ့်သဘော တရားကို ဟောရတော့ မလွယ်ဘူးနော်...(မှန်ပါ့)။

ခင်ဗျားတို့ကတော့ "အဟံအဝေရောဟောမိ အဗျာပဇ္ဇော ဟောမိ အနီဃောဟောမိ သုခီအတ္တာနံ ပရိဟာရာမိ"ဆိုပြီး နေ့တိုင်း အိပ်ရာဝင်ရင် ကိုယ့်ကိုယ်ကိုယ် မေတ္တာပို့ကြတယ်၊ မပို့ကြဘူးလား ...(ပို့ပါတယ်ဘုရား)။

ကိုယ့်ကိုယ် ကျန်းမာပါစေ၊ ချမ်းသာပါစေဆိုတာ မပို့ကြဘူးလား...(ပို့ပါတယ်ဘုရား)၊ ဟောဒီသစ္စာကို မသိတော့ ပို့မြဲတိုင်း ပို့နေတာပဲ၊ ကျန်းမာနိုင်တဲ့ ခန္ဓာကိုယ် ဟုတ်ပါရဲ့လား...(မဟုတ်ပါဘုရား)၊ မွေးကတည်းက ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ နောက်နာမ်ရုပ်ဖြစ်လာတော့ကော...(ဒုက္ခသစ္စာပါဘုရား)။

သဠာယတနဖြစ်လာတော့ကော...(ဒုက္ခသစ္စာပါဘုရား)၊ ဖဿဖြစ်လာတော့ကော...(ဒုက္ခသစ္စာပါဘုရား)၊ ဝေဒနာဖြစ်လာတော့ကော...(ဒုက္ခသစ္စာပါဘုရား)။

ကဲ...ဒါဖြင့် ကိုယ့်ကိုယ်ပို့ငြားသော်လည်း ဒီသစ္စာက ဖောက်ရမှာလား၊ မဖောက်ရဘူးလား...(မဖောက်ရပါဘုရား)၊ ဒီသစ္စာဆိုတာ ဖောက်ပြန်သေးရဲ့လား...(မဖောက်ပြန်ပါဘုရား)၊ မဖောက်ပြန်တော့ သူ့ကို ဘာသစ္စာဆိုမတုံး...(ဒုက္ခသစ္စာပါဘုရား)။

အဲဒီဒုက္ခသစ္စာကို ခင်ဗျားတို့ ဒီခွေးတွေ တုတ်နဲ့ပစ်မှ အော်မှ ခွေးဒုက္ခရောက်ပါပြီ၊ မဟုတ်ဘူးလား...(မှန်ပါ့)၊ ငှက်တွေ လေးနဲ့ပစ်မှ လေးဒဏ်ချက်ကြောင့် ဒုက္ခရောက်ပြီလို့ သိတာက ငှက်သိကိုးဗျ၊ ခွေးသိ၊ တိရစ္ဆာန်သိ၊ ရိပ်မိပလား...(ရိပ်မိပါပြီ)။

ငှက်သိ၊ ခွေးသိ၊ တိရစ္ဆာန်သိတာ ခင်ဗျားတို့က ဒုက္ခသိတာ ဉာဏ်သိမပါသေးပါဘူး...(မှန်ပါ့)၊ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)၊ တိရစ္ဆာန်သိသာ သိပါသေးတယ်...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ)။

တိရစ္ဆာန်ဆိုတော့ အဟိတ်ပုဂ္ဂိုလ်၊ ဉာဏ်ပါရဲ့လား... (မပါပါဘုရား)၊ အဲ...မပါတဲ့ပုဂ္ဂိုလ်သိတဲ့အသိသာ ဒီ ဒကာ၊ ဒကာမတွေသိတယ်...(မှန်ပါ့)၊ ပါတဲ့ပုဂ္ဂိုလ် အသိကျတော့ ဒီ ဒုက္ခသစ္စာရယ်လို့သိသေးရဲ့လား...(မသိပါဘုရား)၊ မသိသေးလို့ရှိရင် ဒီတရားကိုဖိနာဦး...(မှန်ပါ့)၊ နို့မို့ရင် ဒီဘဝလည်း အကန်းသေလိမ့်ဦးမယ်...(မှန်ပါ့ဘုရား)။

ဆက်ကန်းနေပြန်ပြီ...(မှန်ပါ့)၊ ဘယ့်နှယ်တုံး...(ဆက်ကန်းနေပါတယ်ဘုရား)၊ ယုံရဲ့လား၊ ခင်ဗျားတို့...(ယုံပါတယ်ဘုရား)၊ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးက ဒီအထဲမှာ မရောက်ဘူးလား၊ ရောက်သလား...(ရောက်ပါတယ်ဘုရား)၊ ၂ နံပါတ်ထဲ မရောက်ဘူးလား...(ရောက်ပါတယ်ဘုရား)၊ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

## သက်ဆိုးရှည်

အဲဒါ ခင်ဗျားက ကျန်းမာလို့ ချမ်းသာလို့ ကံကောင်းလို့ တပည့်တော် ဒီလောက် အသက်ရှည်နေတာပါဘုရား၊ အို... သက်ဆိုးရှည်တာမှ သိမှမသိဘဲ...(မှန်ပါ့ဘုရား)။

ဒကာ၊ ဒကာမတို့ ဘာမသိတာတုံး...(သက်ဆိုးရှည်တာ မသိတာပါ)၊ ဒုက္ခသက်ရှည်နေတာ...(မှန်ပါ့)၊ ရိပ်မိပလား...(ရိပ်မိပါပြီ)၊ ဘာရှည်နေတာတုံး...(ဒုက္ခသက်ရှည်နေတာပါ)၊ သူသိရဲ့လား...(မသိပါဘုရား)၊ မသိလို့ရှိရင်ဖြင့် မသိတာက သူ့မှာ ဒီဘဝမှာ မသိတာက အဝိဇ္ဇာက ပြန်လာတယ်...(မှန်ပါ့)၊ မလာဘူးလား...(လာပါတယ်)။

ဒါဖြင့် ဒီဘဝမှာ သခင်ဝတင်မြင်ပလား၊ ကန်းတုန်းပဲလား...(ကန်းတုန်းပါပဲဘုရား)၊ မနာနဲ့...(မှန်ပါ့)၊ သဘောပါရဲ့လား...(ပါ ပါတယ်ဘုရား)။

ဒီဘဝ ဒီခန္ဓာကြီးဟာ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ ဒါကို ခင်ဗျားကျန်းမာလို့ ဆရာဘုန်းကြီးလာလို့ ရိကော်ဒါ လာသွင်းတယ်ဘုရား၊ တရားနာလာတယ်ဘုရား၊ ဘုန်းကြီးလာချိန်နဲ့ တပည့်တော်၏ အကြောင်းညီညွတ်မှု၊ ကျန်းမာမှု၊ ချမ်းသာမှုနဲ့ တွေ့ရလို့ ဝမ်းသာတယ်၊ ဘုရားများတောင် နှုတ်များဆက်လိုက်သေးတယ်...(မှန်ပါ့)၊ ဘာမသိလို့ နှုတ်ဆက်တာတုံး...(သစ္စာမသိလို့ နှုတ်ဆက်တာပါဘုရား)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

## သာယာရင် တဏှာလာမယ်

ဒါဖြင့် သစ္စာမသိလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ ကိုယ့်ဒုက္ခ ကိုယ်မသိလို့ရှိရင်ဖြင့် ကိုယ့်ဒုက္ခကို သာယာမလား၊ မသာယာဘူးလား...(သာယာပါတယ်ဘုရား)၊ သာယာရင် တဏှာလာမယ်၊

ဒီဘက်ကူးသွားမယ်...(မှန်ပါ့)၊ ၂ က ၃ ကူးတယ်၊ မကူးသေးဘူးလား၊ ကူးပြီလား...(ကူးပါပြီဘုရား)။

"ဝေဒနာပစ္စယာ တဏှာ၊ ဖဿပစ္စယာ တဏှာ၊ ဝိညာဏပစ္စယာတဏှာ" မကူးသေးဘူးလား...(ကူးပါတယ်ဘုရား)။

ခန္ဓာငါးပါးစလုံးကို မသာယာဘူးလား...(သာယာပါတယ်) ကျန်းမာချမ်းသာနေလို့ ဘုရား၊ ကျန်းမာချမ်းသာနေတာလည်း ဒုက္ခသစ္စာ၊ တော် တော်သေးရဲ့ဆိုတာ တဏှာ၊ ရိပ်မိပလား...(ရိပ်မိပါပြီ)။

ကျန်းမာချမ်းသာတယ်ဆိုတာက ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါ)၊ တော် တော်သေးရဲ့ဆိုတော့ ဒုက္ခသစ္စာကို သူကရလို့ အင်မတန်ဝမ်းသာနေတာကိုး၊ ကြောက်စရာကောင်းလိုက်တာ၊ ပေါ်ကြပလား...(ပေါ်ပါပြီ)၊ ဒါက နားကြီးကြီးနဲ့ထောင်ဆိုတဲ့ စကားဟာ အခုမပေါ်သေးဘူးလား...(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ လွဲချက်ဘယ်လောက်ပြင်းထန်တယ်ဆိုတာဖြင့် ဘုန်းကြီးက ပြောဖို့လိုသေးလား...(မလိုပါ)၊ ကြည့်လေ၊ အခုဒကာ၊ ဒကာမတွေ (၁)ကွက်ထဲမှာနေသလား၊ (၂)ကွက်ထဲမှာနေသလား...(၂ ကွက်မှာနေပါတယ်)၊ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါ)၊ ဒုက္ခသစ္စာနဲ့ အခုတရားနာနေကြတာ၊ ဒကာ၊ ဒကာမတွေ...(မှန်ပါ့)။

ဒီဒုက္ခသစ္စာနဲ့ တရားနာနေကြတာကို ဘုန်းကြီးက မေးလိုက်တဲ့အခါကျတော့ ဒကာ၊ ဒကာမတွေ ကျန်းမာ၊ ချမ်းသာလို့ တရာနာနိုင်တာလား၊ ဒုက္ခရောက်ပြီး ရောက်လျက်နဲ့ နာနေတာ

လား မေးလို့ရှိရင် ဒုက္ခရောက်လျက်နဲ့ နာနေပါတယ်ဆိုတဲ့လူဟာ တစ်ယောက်မှ မထွက်စေ့ဘူး ထွက်ပ့ါမလား...(မထွက်ပါဘုရား)။

ဘာဖြစ်လို့ မထွက်သလဲ...(သစ္စာမသိလို့)၊ သစ္စာမသိလို့ သစ္စာမသိတော့ မကာန်းဘူးလား...(ကာန်းပါတယ်ဘုရား)၊ ကာန်းတဲ့ အဝိဇ္ဇာနဲ့ သူ အသက်ရှင်နေတာ၊ မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ်)၊ ဘာနဲ့အသက်ရှင်နေတုံး...(အကန်းနဲ့ အသက်ရှင်နေပါတယ်ဘုရား)။

အဝိဇ္ဇာနဲ့ အသက်ရှင်နေတာ၊ အဝိဇ္ဇာဆိုတာ ကန်းတာ လား၊ မြင်တာလား...(ကန်းတာပါဘုရား)၊ ဒါဖြင့် အကန်းကလေး အသက်ရှင်နေတာ၊ သခင်ဝတင် အသက်ဘယ်လောက်ရှိပြီလဲ... (ငါးဆယ်ကျော်ပြီဘုရား၊ ၅၃ နှစ်ပါ)၊ ဒါဖြင့် အကန်းသက်ဘယ် လောက်တုံး...(၅၃ ပါ)၊ ၅၃ ရိပ်မိပလား။

နောက်က ဒကာ၊ ဒကာမတွေ ကိုယ့်အသက်နဲ့ကိုယ် တွက်ပြီး အင်း...ငါ့မှာ အကန်းသက်ကဖြင့် အတော်ရှည်ပြီလို့ အောက်မေ့ကြ၊ မဆိုးရွားဘူးလား...(ဆိုးရွားပါတယ်)၊ အဲဒါ မညှာ မတာ ပြောမှသာလျှင် အမှန်ရောက်ပါတယ်။

## အကန်းပြိုး

ညှာပြီး ခင်ဗျားတို့ဗျာ လူ့ဘဝရခဲတယ်ဆိုရင် လူဖြစ်ရတာ အဖိုးတန်လိုက်တာ၊ ဒီအထဲ ရန်ကုန်မြို့ကြီးမှာ လာပြီး လူပုံအလယ် မှာ ထည်ထည်ဝါဝါနေနိုင်တဲ့အတွက် ခင်ဗျားတို့ ပါရမီက ထူးပါ

ပေတယ်၊ မြောက်တဲ့လူက လာချင်လာဦးမှာ၊ မလာပေဘူးလား…(လာပါတယ်)၊ အဲဒါ သူကလည်း အကန်း။

ကိုယ်ကလည်း ပြုံးလိုက်လို့ရှိရင်ဖြင့် သူပြောတာ သဘောကျတာနဲ့ ပြုံးလိုက်လို့ရှိရင်ဖြင့် အကန်းပြုံး…(မှန်ပါ့)၊ ရိပ်မိပလား…(ရိပ်မိပါပြီဘုရား)။

ဘေးက ပုဂ္ဂိုလ်တွေက မြှောက်တာကလည်း…(အကန်းမြှောက်ပါ)၊ အကန်းမြှောက်…(မှန်ပါ့)၊ အကန်းမြှောက်တဲ့အခါကျတော့ ဒီဘက်အကန်းက ဘာဖြစ်လာသလဲ…(ပြုံးတယ်)၊ ပြုံးတယ်ဆိုတော့ အင်း…ဒီအကန်း နှစ်ယောက်သာ ပေါင်းမိပြီး အတူတကွလမ်းသွားကြလို့ရှိရင်ဖြင့် နှစ်ယောက်စလုံး ချောက်ကျတော့မယ်…(မှန်ပါ့)၊ မသေချာဘူးလား…(သေချာပါတယ်)။

အဲဒါကြောင့် ဆိုးရွားလွန်းလို့ ဒီမှာကြုံကြိုက်တုန်းကို ဘုန်းကြီးတို့ ဝင်ပြောနေပါတယ်။ တာရှည်နာရလိမ့်မယ်လို့၊ ဒီလို အယူမရှိနဲ့။ အရေးကြီးတာကလေးပြောပြီးသကာလ ဒကာ၊ ဒကာမတွေကို မျက်လုံးဖွင့်ပေးခဲ့မှာပဲ၊ ဒါပဲရှိတယ်…(မှန်ပါ့)၊ သဘောပါပလား…(ပါ ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတွေ အခု (၁) ကွက်မှာနေသလား၊ (၂) ကွက်မှာနေသလား…(၂ ကွက်မှာနေပါတယ်ဘုရား)၊ (၂) ကွက်မှာ အခု စိတ်ဝိညာဏ်ကော ရှိကြရဲ့လား…(ရှိပါတယ်ဘုရား)၊ မသေမှ မသေသေးဘဲ၊ စိတ်ရှိလို့ မသေတာပေါ့…(မှန်ပါ့)။

နာမ်၊ ရုပ်ကလေးများကော ရှိကြရဲ့လား...(ရှိပါတယ်ဘုရား)၊ အင်း...မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် စိတ်ကော... (ရှိပါတယ်ဘုရား)၊ ကောင်းပြီ ဖဿကော...(ရှိပါတယ်)၊ ဝေဒနာကော...(ရှိပါတယ်ဘုရား)၊ ဘာသစ္စာတွေရှိလဲ...(ဒုက္ခသစ္စာတွေရှိပါတယ်)။

## ဉာဏ်မျက်လုံး

အဲဒါကို ခင်ဗျားတို့ ဉာဏ်မျက်လုံးတပ်ပြီး ကြည့်...ဒါပေါ်တာလည်း ဒုက္ခသစ္စာ၊ ဒါပေါ်တာလည်း ဒုက္ခသစ္စာလို့ သိပါမှ မျက်လုံးပွင့်မယ်၊ သဘောကျပလား...(ကျပါတယ်ဘုရား)။

နို့မို့ရင် ဒါပေါ်လာတိုင်း၊ ပေါ်လာတိုင်း တော် တော်သေးရဲ့၊ တော် တော်သေးရဲ့ဆိုရင်ဖြင့် ဒီဘက်ချည်းကူးတော့မယ်...(မှန်ပါ့)၊ တော် တော်သေးရဲ့ဆိုတာ ကိုယ့်ဟာကိုယ် သဘောကျတာ၊ သဘောကျတာ ဘာခေါ်ကြမတုံး...(တဏှာပါ)၊ တဏှာလာရင် ဥပါဒါန်၊ သူ့အဖော်က နေရစ်ပါ့မလား...(မနေရစ်ပါဘုရား)၊ ဥပါဒါန်လာရင် ကာယကံ ဝစီကံတွေကော နေရစ်ပါ့မလား...(မနေရစ်ပါဘုရား)၊ ဟော ကမ္မဘဝပစ္စယာ...(ဇာတိပါဘုရား)။

ဟောဒီကစပြီး လာလိုက်တာ ဒီရောက်ပြီ၊ ဒီမှာ ပစ္စုပ္ပန်ဘဝ ထပ်ကန်းပြန်တယ်၊ ထပ်ကန်းပြီးသကာလ ဒီကံတွေ လုပ်ပြန်တယ်၊ မလုပ်ဘူးလား...(လုပ်ပါတယ်ဘုရား)၊ လုပ်တော့ နောက်အနာဂတ် ဇာတိ၊ ဇရာ၊ မရဏ မလာဘူးလား...(လာပါတယ်ဘုရား)။

ဇာတိ ဇရာ မရဏ လာတဲ့ပုဂ္ဂိုလ်ဟာ သေချင်လျက်နဲ့ သေရတာလား၊ မသေချင်ဘဲနဲ့ သေရတာလား...(မသေချင်ဘဲနဲ့ သေရတာပါ)၊ မသေချင်ဘဲနဲ့ သေရတော့ စိတ်ထဲမှာ ချမ်းသာကြ ရဲ့လား၊ မချမ်းသာဘူးလား...(မချမ်းသာပါဘုရား)။

မချမ်းသာတာသည် ဒကာ၊ ဒကာမတို့ အာသဝပေါ်လာ တာ၊ သဘောကျပလား...(ကျပါပြီ)၊ မချမ်းသာတာ သောကပရိ ဒေဝပေါ်လာတာ ဘာပါလိမ့်...(အာသဝပေါ်လာတာပါ)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ မှတ်လိုက်၊ "အာသဝသမုဒယာ၊ အဝိဇ္ဇာသမုဒယော"ပြန်လှည့်တယ်...(မှန်ပါ့)၊ မလှည့်ဘူးလား... (လှည့်ပါတယ်ဘုရား)။

ဒါဖြင့်...တပည့်တော်တို့ နောက်တုန်းက ဘယ်လိုနေခဲ့ သတုံးဆိုတော့ ၁ က စတယ်ဗျာ၊ ၂ မှာလည်း ကန်းတယ်၊ ၃ မှာလည်း ကန်းတဲ့အလုပ် လုပ်ပြန်တယ်၊ မလုပ်ဘူးလား...(လုပ်ပါ တယ်)၊ ၄ မှ ဒုက္ခရောက်တယ်ဘုရား...(မှန်ပါ့)၊ မဆိုနိုင်ဘူးလား ...(ဆိုနိုင်ပါတယ်ဘုရား)။

ဒီတွင် ဒုက္ခရောက်တဲ့အထဲက ပြန်ကန်းပြန်တော့ကို အကန်းအမေက အကန်းကလေးပဲမွေးပြန်တယ်၊ မမွေးသေးဘူးလား ...(မွေးပါတယ်ဘုရား)။

ဒါဖြင့် ဒီလိုကြည့်ကြပေတော့ အတိတ်ဘဝက ဘာသစ္စာ လုပ်ခဲ့သတုံး...(သမုဒယသစ္စာ)၊ ယခုဘဝ ဘာသစ္စာနဲ့နေရသတုံး ...(ဒုက္ခသစ္စာနဲ့) ယခုဘဝမှာပဲ ပစ္စုပ္ပန်အကျိုးအတွက် ဘာသစ္စာ

တွေ ထပ်လုပ်ပြန်ပါလိမ့်...(သမုဒယသစ္စာပါ)၊ အင်း...ဒါဖြင့် သေတော့ ဘာသစ္စာရသတုံး...(ဒုက္ခသစ္စာရပါတယ်ဘုရား)။

## အဝိုင်းပြေး

ဒီဒုက္ခသစ္စာထဲကပင် ဒကာ၊ ဒကာမတွေက ဒုက္ခမသိပြန်တော့ ဒီအဝိဇ္ဇာ လာ၊ မလာ...(လာပါတယ်ဘုရား)၊ လာပြန်တော့ ခင်ဗျားတို့က ဝိုင်းရုံပဲ၊ ဒီလိုလှည့်ပြေးနေတယ်၊ ပေါ်ပလား...(ပေါ်ပါပြီ)။

ခင်ဗျားတို့နောက်တုန်းက ဘယ်လိုနေခဲ့ရသတုံးမေးရင် ဘယ့်နှယ်ပြောကြမလဲ...(အဝိုင်းပြေး၊ ပြေးနေပါတယ်)၊ အဝိုင်းပြေးဆိုတာ ဒါကြောင့် အဝိုင်းကြီး ဝိုင်းထားတာ၊ ရိပ်မိပလား...(ရိပ်မိပါပြီ)၊ ဒါဖြင့် ဒီအဝိုင်းစက်ကို ဖြတ်ပေးမည့်သူမတွေ့သရွေ့ ကာလပတ်လုံး ဒကာ၊ ဒကာမတို့ ကိုယ်ကျိုးနည်းပေါ့...(မှန်ပါ့)။

ဒကာ၊ ဒကာမတွေ ဘယ့်နှယ်ဆိုကြမလဲ...(ကိုယ်ကျိုးနည်းပါပြီ)၊ ကိုယ်ကျိုးနည်းပြီဆိုတာ သေချာပလား...(သေချာပါတယ်)။

ဒီတစ်ခါဖြင့် ကိုယ်ကျိုးများအောင် လုပ်ကြစမ်းပါဆိုတာ တိုက်တွန်းရပြန်တယ်၊ မတိုက်တွန်းသင့်ဘူးလား...(တိုက်တွန်းသင့်ပါတယ်ဘုရား)။

## ဉာဏ်ကြိုက်တရား

ကိုင်း...ဒါဖြင့် ဒကာ၊ ဒကာမတွေ ဒီတရားဟာတော့ဖြင့် အမှန်ကိုပြောတဲ့အတွက် ခင်ဗျားတို့အကြိုက်တော့ မပါဘူး၊ ဉာဏ်ကြိုက်တစ်ခုတည်း ပြောနေတာ...(မှန်ပါ့)။

တဏှာကြိုက် လုံးလုံးမပါဘူး...(မှန်ပါ့ဘုရား)၊ ဉာဏ်ကြိုက် သက်သက် ပြောနေတာ၊ သဘောကျကြပလား...(ကျပါပြီ)၊ ဒီတရားသည် တဏှာကြိုက်တရားလား၊ ဉာဏ်ကြိုက်တရားလား ...(ဉာဏ်ကြိုက်တရားပါဘုရား)။

သေသေချာချာ မှတ်ထားပါနော်၊ တရားဟာ နှစ်မျိုးရှိတယ်၊ တဏှာကြိုက်တရားလည်းရှိတယ်၊ ဉာဏ်ကြိုက်တရားလည်းရှိတယ် ...(မှန်ပါ့)။

ဒကာ၊ ဒကာမတွေ...(မှန်ပါ့)၊ တရားဟာ ဘယ်နှမျိုးရှိသလဲ...(နှစ်မျိုးရှိပါတယ်ဘုရား)၊ အေး...တစ်ခုသော တရားက ဘာပါလိမ့်...(တဏှာကြိုက်တရားပါဘုရား)၊ တဏှာကြိုက်တရား ...(မှန်ပါ့)။

တစ်ခုသောတရားက ဘာပါလိမ့်...(ဉာဏ်ကြိုက်တရားပါဘုရား)၊ နိဗ္ဗာန်ကို တဏှာနဲ့ သွားနိုင်သလား၊ ဉာဏ်နဲ့သွားနိုင်သလား...(ဉာဏ်နဲ့မှသွားနိုင်ပါတယ်)၊ ဒါဖြင့် ဉာဏ်ကြိုက်တရားဖြစ်ပြီးနာ...(မှန်ပါ့)၊ တဏှာက နိဗ္ဗာန်မပို့နိုင်ဘူး...(မှန်ပါ့)။

တဏှာက သမုဒယသစ္စာက ဒုက္ခသစ္စာပဲပို့တယ်၊ မပို့ဘူးလား...(ပို့ပါတယ်)၊ နောက်တစ်ခါ ဒုက္ခသစ္စာထဲက သမုဒယသစ္စာပွားလာပြန်တော့ သူက ဒုက္ခသစ္စာပဲ ပြန်မပို့ဘူးလား... (ပို့ပါတယ်ဘုရား)။

ဒါ တဏှာကြိုက်တရားဆိုလို့ရှိရင် ဒီအဝိုင်းပြေးရမယ်... (မှန်ပါ့)၊ ဉာဏ်ကြိုက်တရားဆိုလို့ရှိရင် ဒကာ၊ ဒကာမတို့ သေသေချာချာ မှတ်ပါ၊ ဒီကနေပြီး နိဗ္ဗာန်ထွက်လိမ့်မယ်...(မှန်ပါ့)၊ "ဝေဒနာနိရောဓာ တဏှာနိရောဓော နိဗ္ဗာနံ"ဆိုပြီး ထွက်သွားလိမ့်မယ်...(မှန်ပါ့)၊ သဘောပါကြပလား...(ပါ ပါတယ်ဘုရား)။

ဒါဖြင့် ဉာဏ်ကြိုက်တရားနာမလား၊ တဏှာကြိုက် တရားကို ခင်ဗျားတို့ အဆင်းတွန်းပေးရမှာလား...(ဉာဏ်ကြိုက်တရားကို နာပါ့မယ်ဘုရား)၊ အသံတော့ အတော်ကောင်းလာပြီ...(မှန်ပါ့)။

အသံတော့ တစ်ပွဲလုံး အတော်ကောင်းလာပြီ၊ ဒီအသံရောက်အောင်ကို မနည်းပြောရတယ်၊ ဒကာ၊ ဒကာမတွေ မပြောရဘူးလား...(မှန်ပါ့ဘုရား)။

## အဆုံးစွန်သော ဘဝဆိုရင်

ခင်ဗျားတို့ ကြိုက်နေတာက ပန်းတစ်ပွင့်နဲ့ လူ့ပြည်၊ နတ်ပြည် အကြိမ်ကြိမ်ခံစား၍ ဘယ်တော့မှ မဆုံးနိုင်တဲ့အခါ နိဗ္ဗာန်ရ ရပါလို၏။ အဆုံးစွန်သော ဘဝဆိုရင် ဘယ်တော့မှ ဆုံးမှာ

မဟုတ်ပဲကိုးဗျ၊ ဆုံးစရာကောပါရဲ့လား...(မပါ ပါဘုရား)၊ ဘယ်တော့မှ မရ ရပါလိမ့်၏ဆိုတာနဲ့ အတူတူတောင်းထားတာ...(မှန်ပါ့)၊ အဲဒါ ဉာဏ်ပါကြရဲ့လား...(မပါ ပါ)။

အဲဒါကြောင့် ဒကာ၊ ဒကာမတို့ ဒီတရားကို ခင်ဗျားတို့ ပေါ်လည်း ပေါ်ခဲပါတယ်၊ ဒကာ၊ ဒကာမတွေ နားထဲမှာဆိုပါတော့ ဘုန်းကြီးများ လက်ထက်မှာပဲ ပေါ်လာတာ၊ စာကတော့ နဂိုက ရှိပါတယ်၊ သို့သော် စာရှိကို ပြောတယ်လို့ ဒကာ၊ ဒကာမတွေ မယူကြနဲ့၊ သဘောကျကြရဲ့လား...(ကျပါတယ်ဘုရား)။

## ခန္ဓာအရှိတရားကို ဟောနေတာ

စာရှိဟောနေတာလား၊ ခန္ဓာအရှိကို ဟောတာလား... (ခန္ဓာအရှိကို ဟောနေတာပါဘုရား)၊ အဲဒါ တရားစစ် မှတ်၊ စာရှိလို့ဟောလို့ရှိရင်ဖြင့် မှတ်တမ်းလျှောက်ဖတ်တာ၊ ခင်ဗျားတို့ အစည်းအဝေးကျတဲ့အခါကျတော့ အရင်နှစ်က မှတ်တမ်းတွေ ဖတ်လိုက်မယ်ဆိုပြီး မှတ်တမ်းဖတ်ကြတယ်၊ ရိုပ်မိပလား...(ရိပ်မိပါပြီဘုရား)။

အဲ...အဲဒီမှတ်တမ်းတွေ ဖတ်နေလို့ရှိရင်ဖြင့် ခင်ဗျားတို့ ခန္ဓာမရောက်ပါဘူး၊ ရောက်ပါ့မလား...(မရောက်ပါဘုရား)၊ အဲဒီတော့ ခန္ဓာအသိနဲ့တဲ့ သေသေချာချာ ဟောမှသာလျှင် ဒကာ၊ ဒကာမတို့ ဉာဏ်ကမိတယ်။

## ခန္ဓာအရှိကို ဉာဏ်နဲ့သိအောင်ဟောမှ ပဋိစ္စသမုပ္ပါဒ် ပြတ်မယ်

ခန္ဓာအရှိကို ဉာဏ်နဲ့သိအောင်ဟောမှ ပဋိစ္စသမုပ္ပါဒ် ပြတ်မယ်၊ သဘောကျပလား...(ကျပါပြီ)၊ ခန္ဓာအရှိကို ဉာဏ်နဲ့သိအောင်ဟောမှ...(ပဋိစ္စသမုပ္ပါဒ်ပြတ်ပါတယ်ဘုရား)၊ ပြတ်ရင် နိဗ္ဗာန်ပဲ...(မှန်ပါ့ဘုရား)။

ဘုရားဖြစ်တာသည် ပဋိစ္စသမုပ္ပါဒ်အစကို သိတယ်၊ နောက်အဆုံးသိတဲ့အချိန်မှာ ဘုရားဖြစ်သွားတယ်၊ ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့အချိန်မှာ ဘာဖြစ်ပါလိမ့်...(ဘုရားဖြစ်ပါတယ်)။

ဒါဖြင့် ဘုရားဖြစ်ခြင်း၏ အကြောင်းသည် ဒကာ၊ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ်ဖြတ်နိုင်လို့၊ ဘာတုံး...(ဘုရားဖြစ်တယ်)။

ခင်ဗျားတို့ သောတာပန်တည်ချင်ရင်လည်း ဘာလုပ်ရမလဲ...(ပဋိစ္စသမုပ္ပါဒ်ဖြတ်ရပါမယ်)၊ ကိုယ့် ပဋိစ္စသမုပ္ပါဒ်ကိုယ်ဖြတ်ရမယ်...(မှန်ပါ့)။

သကဒါဂါမ်တည်ချင်ရင်ကော ...(ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကိုယ်ဖြတ်ရမယ်)၊ အနာဂါမ်တည်ချင်ရင်ကော...(ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်ရပါမယ်)၊ ရဟန္တာဖြစ်ချင်ရင်ကော...(ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်ရပါမယ်)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်က ပုထုဇဉ် ပဋိစ္စသမုပ္ပါဒ် တစ်မျိုး၊ သောတာပန်၏ ပဋိစ္စသမုပ္ပါဒ် တစ်မျိုး၊ ဟ...သောတာပန်

ပဋိစ္စသမုပ္ပာဒ်တစ်မျိုး ရှိသေးလားဘုရားဆိုတော့ သူက ဒိဋ္ဌိသာပယ်တာ၊ တဏှာက မပယ်နိုင်သေးတော့ တဏှာ ပဋိစ္စသမုပ္ပာဒ်က ကျန်နေတယ်၊ သဘောပါကြလား...(ပါ ပါတယ်ဘုရား)။

## သောတာပန်ဆိုတာ

သောတာပန်တည်တော့ သူ့အပိုင်းမပြေးရဘူးလို့ မအောက်မေ့လိုက်ပါနဲ့၊ အပါယ်သာလွတ်ပါတယ် ပဋိစ္စသမုပ္ပာဒ် အပိုင်းတော့ ပြေးလျက်ပါပဲ၊ ရှင်းပလား...(မှန်ပါ့)။

ဒါဖြင့် ပဋိစ္စသမုပ္ပာဒ်ခင်ဗျားတို့က တစ်မျိုးတည်း အောက်မေ့ထားတယ်၊ ပုထုဇဉ် ပဋိစ္စသမုပ္ပာဒ်တစ်မျိုး...(မှန်ပါ့)။

သောတာပန်၏...(ပဋိစ္စသမုပ္ပာဒ်တစ်မျိုး)။

သကဒါဂါမ်၏...(ပဋိစ္စသမုပ္ပာဒ်တစ်မျိုး)။

အနာဂါမ်၏...(ပဋိစ္စသမုပ္ပာဒ်တစ်မျိုး)။

အဲ...ရဟန္တာကျမှပြတ်တယ်၊ ရိပ်မိပလား...(ရိပ်မိပါပြီ)၊ ဒါဖြင့် ဒီ...ပဋိစ္စသမုပ္ပာဒ်က အင်မတန်အရေးကြီးတယ်ဆိုတာကော သဘောကျပလား...(ကျပါပြီ)။

နို့...ဘုန်းကြီးက ဘုရား နဂိုက တရားအစတုန်းက "သစ္စာသိမှ နိဗ္ဗာန်ရတယ်"လို့ ဟောတာ သစ္စာမပါသေးဘူးဆိုကြမလား၊ ဒီ ပဋိစ္စသမုပ္ပာဒ်ဟာ သစ္စာချည်းပဲလို့ ဆိုကြမလား...(သစ္စာချည်းပါဘုရား)။

ဒါ...ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

အခုဘဝ ခန္ဓာငါးပါးဟာ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ ဟော...သစ္စာသိပြီ၊ မသိသေးဘူးလား...(သိပါပြီဘုရား)၊ ခင်ဗျားတို့ထဲက ဝေဒနာလေးပေါ်လည်း ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဝေဒနာနုပဿနာ ဝေဒနာရှုကွ လို့ ဟောရုံနဲ့ နိဗ္ဗာန်မရောက်ဘူး...(မရောက်ပါဘုရား)။

နိဗ္ဗာန်မရောက်နိုင်ဘူးတဲ့၊ ဝေဒနာကို ဒုက္ခသစ္စာလို့သိမှ ရောက်မယ်...(မှန်ပါ့)၊ ဝေဒနာသိလို့ မရောက်ဘူး...(မှန်ပါ့)၊ ရိပ်မိပလား...(ရိပ်မိပါပြီ)၊ ဝေဒနာကို ဘာသစ္စာလို့သိရမလဲ...(ဒုက္ခသစ္စာလို့ သိရပါမယ်)။

အဲ...ဖဿကိုလည်း ဖဿလို့ သိရုံနဲ့ဆိုရင် နာမပရိစ္ဆေဒဉာဏ်...(မှန်ပါ့)၊ ဒုက္ခသစ္စာလို့သိမှ သစ္စာဉာဏ်ကိုးဗျ...(မှန်ပါ့)၊ ရိပ်မိပလား...(ရိပ်မိပါပြီ)၊ ကွာခြားသလား...(ကွာခြားပါတယ်ဘုရား)။

အဲဒီလို အသိကလည်း ဆရာကောင်း သမားကောင်းနဲ့ ပြင်မှသာလျှင် အမှန်ကိုရောက်နိုင်တယ်ဆိုတာ ရိပ်မိကြပလား... (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ၊ ဒကာမတို့ အခု ဒီစိတ်ကလေး တွေပေါ်လာရင်လည်း ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ ရှင်းပြီ နော်...(မှန်ပါ့)၊ နာမ်ကလေးပေါ်လာရင်...(ဒုက္ခသစ္စာပါဘုရား)။

ရုပ်ကလေး ပူတာ၊ အေးတာ၊ တောင့်တာ၊ တင်းတာ ပေါ်လာရင်...(ဒုက္ခသစ္စာပါဘုရား)၊ ဟင်...မျက်လုံးကလေးဖွင့်လိုက်ရင်...(ဒုက္ခသစ္စာပါဘုရား)၊ သဋ္ဌာယတနကိုးဗျနော်...(မှန်ပါ့)။

ဟင်...စိတ်ကလေးတွေ ဘယ်စိတ်မဆိုပေါ်လာရင်ကော ဘာသစ္စာဆိုကြမလဲ...(ဒုက္ခသစ္စာပါဘုရား)၊ ဟင်...ဖဿကလေးနဲ့ တွေ့ချင်လိုက်တာဆိုရင်ကော...(ဒုက္ခသစ္စာပါဘုရား)၊ ဝေဒနာကလေးနဲ့ကောင်းတာ စားချင်လိုက်တာဆိုရင်ကော...(ဒုက္ခသစ္စာပါဘုရား)။

ခင်ဗျားတို့ လုပ်သရွေ့ ဘာတွေပါလိမ့်...(ဒုက္ခသစ္စာတွေပါဘုရား)၊ အဲဒီ ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာလို့ အမှန်အကန် ဒီကနေ သိပေးရမယ်။

## ဝေဒနာပစ္စယာ တဏှာက ပုထုဇဉ်စခန်း

ဒီနေရာမှာ သိလုံးကလေး လိုက်၊ လိုက်ရင် ဒီအဆက်ဟာ ပြတ် မပြတ်...(ပြတ်ပါတယ်ဘုရား)၊ ဒါဖြင့် ဒီအဆက်ဟာ ခန္ဓာတို့၏ လည်ရာ သံသရာဆိုတော့ လည်နိုင်သေးရဲ့လား...(မလည်နိုင်ပါဘုရား)၊ ဝေဒနာပစ္စယာ တဏှာလာသလား...(မလာပါဘုရား)၊ ဝေဒနာပစ္စယာ ပညာလာတယ်၊ သေသေချာချာမှတ်ပါ...(မှန်ပါ့)။

ဝေဒနာပစ္စယာ တဏှာက ပုထုဇဉ်စခန်း...(မှန်ပါ့)၊ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဝေဒနာပစ္စယာတဏှာက...(ပုထုဇဉ်စခန်းပါဘုရား)၊ ဒါ ခင်ဗျားတို့ နေ့တိုင်းလုပ်တဲ့အလုပ်...(မှန်ပါ့)၊ ရှင်းပလား...(ရှင်းပါပြီ)၊ ဝေဒနာပစ္စယာ ပညာလာလို့ရှိရင်ဖြင့် ဒါ သစ္စာသိတာ... (မှန်ပါ့)၊ ပေါ်ကြပလား...(ပေါ်ပါပြီ)။

ဘယ့်နှယ်ကြောင့် ဘုန်းကြီးက ဒီလောက် ဟောပါလိမ့် မတုံးလို့ မေးတဲ့အခါကျတော့ ဝေဒနာဖြစ်ပျက်ဆိုတော့ ဝေဒနာ မချုပ်သေးဘူးလား...(မှန်ပါ့)။

ဝေဒနာဖြစ်ပြီး ပျက်သွားတယ်ဆိုတော့ မချုပ်ဘူးလား... (ချုပ်ပါတယ်ဘုရား)၊ ဒါဖြင့် ဝေဒနာနိရောဓ မဖြစ်သေးဘူးလား ...(ဖြစ်ပါတယ်ဘုရား)။

• ဟောဒီ သိတာကလေးက တဏှာနိရောဓောကိုး...ဝေဒနာ က နိရောဓောဖြစ်တော့ သိလုံးကလေးက ဘာပါလိမ့်...(တဏှာ နိရောဓောပါဘုရား)။

ဒါဖြင့် ဝေဒနာနိရောဓာ...(တဏှာနိရောဓော)၊ တဏှာ နိရောဓောတိ မဂ္ဂေါ...(မှန်ပါ့)၊ ေသေသေချာချာမှတ်ပါ။

ရှုတဲ့မဂ်ဟာ ဒီနေရာပေါ်ပါတယ်"တဏှာနိရောဓောတိ မဂ္ဂေါ"ဆိုတော့ ဘုန်းကြီးတို့က စာသံ၊ ပေသံ ပါနေမှာစိုးတာနဲ့ ဒီဖြစ်ပျက်၊ ဝေဒနာက ဖြစ်ပျက်၊ သူက မဂ်လို့ရေးထားလိုက်တယ်၊ သဘောပါကြလား...(ပါ ပါတယ်ဘုရား)၊ ဝေဒနာက ဘာတဲ့တုံး ...(ဖြစ်ပျက်ပါ)၊ ဒီရှုတာကလေးကကော...(မဂ်ပါဘုရား)။

စာလိုသုံးမယ်ဆိုတော့ "ဝေဒနာနိရောဓာ တဏှာနိရော ဓောတိ မင်္ဂေါ"စာက ဒီလိုဖွင့်တယ်...(မှန်ပါ့)၊ ရိပ်မိပလား... (ရိပ်မိ ပါပြီ)။

ဒီနေရာမှာ မင်္ဂပေါ်တော့ ဒီဘက်ဆက်လာသလားတဲ့၊ ဒီ ဘက်ဆက်သွားသလား...(အပေါ်ဆက်သွားပါတယ်)၊ အပေါ်ဆက် သွားတော့ တဏှာနိရောဓော နိဗ္ဗာန် ပဋိစ္စသမုပ္ပာဒ်က ထွက်သွား ပြီ၊ လည်တဲ့သူမဟုတ်တော့ဘူး...(မှန်ပါ့ဘုရား)၊ ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ဒါ သောတာပန်တည်ရင်လည်း အောက်သံသရာလည် သေးရဲ့လား...(မလည်ပါဘုရား)၊ အထက်သံသရာတော့ ကျန် သေးသပေါ့ဗျာ...(မှန်ပါ့)၊ အောက်သံသရာလည်ကြသေးရဲ့လား... (မလည်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒါကလေးမှတ်ထားပါ၊ ဝေဒနာ နိရော ဓာ...(တဏှာနိရောဓော)၊ ပြန်ဆိုစမ်းဦး၊ ဝေဒနာနိရောဓာ... (တဏှာနိရောဓောပါဘုရား)၊ "ဝေဒနာနိရောဓာ တဏှာနိရောဓော" ဆိုတော့ ဩော်...တဏှာနိရောဓောဆိုတာ တဏှာအလိုလို ချုပ် တာလားလို့ မေးတဲ့အခါကျတော့မှ "တဏှာနိရောဓောတိမင်္ဂေါ" ဒီကနေ မင်္ဂထားပါကွာ ရှင်းပလား...(ရှင်းပါပြီ)။

ဒါဖြင့် ဒါလာရင် ဖြစ်ပျက်၊ ဒီက မင်္ဂဉာဏ်နဲ့ရှု၊ ဒီ ဖဿ လာရင်လည်း ဖြစ်ပျက်၊ ဒီနေရာက ဉာဏ်မင်္ဂထား၊ သဘောကျပ လား...(ကျပါပြီ)။

ဒီကာစိတ်ကလေးတွေက ဖြစ်ပြီးပျက်တာကလေးတွေ ဉာဏ်မက်နဲ့ရှုပေး၊ ရှုတော့ ဒီဘက်သွားသေးရဲ့လား...(မသွားပါဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ၊ ဖြစ်ပျက်က ဘာသစ္စာ...(ဒုက္ခသစ္စာပါ)၊ သိတာက ...(မဂ္ဂသစ္စာပါဘုရား)၊ မဂ္ဂသစ္စာဆိုတော့ မဂ်ဟာ မဖြတ်ဘူးလား...(ဖြတ်ပါတယ်)။

ဒါဖြင့် ဒီမြားကလေး ဟိုဘက်ချွန် ဒီဘက်ချွန်ကလေး အလယ်ကဖြတ်လိုက်တော့ ဒကာ၊ ဒကာမတို့ ဆက်သေးရဲ့လား...(မဆက်ပါဘုရား)။

## သစ္စဉာဏ်

ဒီအစပ်မပြတ်သေးဘူးလား...(ပြတ်ပါတယ်)၊ အဲဒီတော့ ဒါသည် ပစ္စုပ္ပန်မိုက်မှုကို ဒကာ၊ ဒကာမတွေ လိမ္မာအောင် လုပ်တာ ဒီမဂ်ပဲရှိတယ်...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ)၊ ဒါဖြင့် ဒီမဂ်သည် ဝေဒနာသိတာလား၊ သစ္စာသိတာလား...(သစ္စာသိတာပါဘုရား)၊ သဥ္ဇာယတနသိတာလား...သစ္စာသိတာလား...(သစ္စာသိတာပါဘုရား)၊ ဒါဖြင့် သူက သစ္စာ၊ သူက သိတာ၊ သစ္စဉာဏ်ရပြီ...(မှန်ပါ့)။

သူက ဘာပါလိမ့်...(သစ္စာ)။

သိတာက...(ဉာဏ်ပါဘုရား)။

ပေါင်းလိုက်တော့ သစ္စာနဲ့ဉာဏ်နဲ့ပေါင်း...(သစ္စဉာဏ်)၊ သစ္စဉာဏ်ရတယ်...(မှန်ပါ့)။

ဒါ မနေ့ကတရား ခုမှဆုံးတယ်...(မှန်ပါ့ဘုရား)၊ ဒီနေ့ ထည့်ရမှာက ဒကာ၊ ဒကာမတွေ ဘာထည့်ရမှာပါလိမ့်မယ်၊ ကိစ္စ ဉာဏ်ထည့်မယ်...(မှန်ပါ့)၊ မနေ့က သစ္စဉာဏ် သဘောကျပလား ...(ကျပါပြီ)။

ဒါဟာ လူသစ်တွေ တိုးလာလို့ တရားက နောက်ပြန် ဆုတ်ပြီး ဖြည့်စွက်ဟောနေရတယ်...(မှန်ပါ့ဘုရား)၊ ဒကာ၊ ဒကာမ တို့ ဒါကလေးတွေဖြစ်ပျက်က ဘာသစ္စာတုံး...(သမုဒယသစ္စာပါ ဘုရား)။

ခင်ဗျားတို့ ရမ်းမပြောနဲ့လေ၊ ဒီကြည့်...(မှန်ပါ့)၊ ဒီကြည့် ...(မှန်ပါ့)၊ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)၊ ဒီအတွင်းမှာ ဘာပဲ ဖြစ်နေနေ ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါ)၊ ပေါ်လာရင်လည်း ဘာ သစ္စာတုံး...(ဒုက္ခသစ္စာပါ)၊ ပျက်သွားရင်ကော...(ဒုက္ခသစ္စာပါ)၊ ဒီအကွက်ထဲပါတာပေါ့လေ...(မှန်ပါ့)၊ ဒါဖြင့် ဒုက္ခသစ္စာကို ဒီကနေ ပြီးသကာလ သိလုံးကလေးနဲ့ သိလိုက်တဲ့အခါ အပျက်အစီးသိလည်း ဒုက္ခသိတာပဲ။

အဖြစ်သိလည်း...(ဒုက္ခသိတာပါပဲဘုရား)။

အပျက်သိလည်း...(ဒုက္ခသိတာပါပဲဘုရား)။

ဒါဖြင့် ဥဒယဗ္ဗယဉာဏ်ဆိုတဲ့ဥစ္စာ သစ္စာသိတဲ့ဉာဏ်... (မှန်ပါ့)၊ မပေါ်သေးဘူးလား...(ပေါ်ပါပြီ)၊ သစ္စာသိတဲ့ဉာဏ်ဆိုတာ ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

အဲဒီဉာဏ်လည်းရပါရော...ဒါယကာ ဒါယိကာမတို့ ဒီဘက်မှာ ဒိဋ္ဌိလာသေးရဲ့လား...(မလာပါဘုရား)၊ ဒိဋ္ဌိပါဒါန်လာသေးလား ...(မလာပါဘုရား)။

ဒါဖြင့် သောတာပန်တည်မယ်...(မှန်ပါ့)၊ သို့သော် သစ္စဉာဏ်တစ်ခုတည်းနဲ့ မတည်နိုင်သေးဘူး၊ သဘောကျပလား... (ကျပါပြီ)။

## စိတ္တာနုပဿနာ

ဒါဖြင့် သစ္စဉာဏ်ကျေနပ်ပလား..(ကျေနပ်ပါပြီ)၊ ဒီအတွင်းမှာ ဘာပဲပေါ်ပေါ် ခင်ဗျားတို့ ဘယ်စိတ်ပေါ်ပေါ် ရှုပါ၊ စိတ္တာနုပဿနာပေးနေတယ်၊ ခင်ဗျားတို့ သန္တာန်မှာ အခုတရားနာနေကြတဲ့အထဲမှာ အရိယာ တစ်ယောက်မှမပါဘူး၊ ပုထုဇဉ်သာပါတယ်၊ သဘောကျပလား...(ကျပါတယ်)။

ပုထုဇဉ်ဖြစ်ခဲ့လို့ရှိရင် ခင်ဗျားတို့ သန္တာန်မှာပေါ်ကောင်းတဲ့ စိတ် ဒကာ၊ ဒကာမတို့ မှတ်လိုက်စမ်းပါတဲ့၊ ၄၅ ပဲ ရှိတယ်၊ သဘောကျပလား...(မှန်ပါ့)။

အကုသိုလ်စိတ်က ၁၂ ခု၊ အကုန်ပေါ်နိုင်တယ် ခင်ဗျားတို့မှာ...(မှန်ပါ့)။

စာသမားတွေအတွက် နည်းနည်းထည့်ပြောမယ်၊ အဟိတ်စိတ်က ဟသိတုပ္ပာဒ်ကြဉ် ကျန်တဲ့ ၁၇ ခု အကုန်ပေါ်နိုင်တယ်

...(မှန်ပါ့)၊ မဟာကုသိုလ်စိတ်က ၈ ခု၊ မဟာဝိပါက်စိတ် ၈ ခု ထည့်လိုက်၊ ဒကာ၊ ဒကာမတို့ ၁၂ နဲ့ ၁၇ ပေါင်း၊ ဘယ်လောက်ပါလိမ့်...(၂၉ ပါဘုရား)။

၂၉ ထဲမှာ မဟာကုသိုလ်စိတ် ၈ ခု၊ မဟာဝိပါက်စိတ် ၈ ခုထည့်၊ ဘယ်လောက်ရသွားသတုံး...(၄၅ ပါဘုရား)...(မှန်ပါ့)၊ ဒါမှတစ်ပါး ခင်ဗျားတို့ သန္တာန်ပေါ်မည့်စိတ်မရှိဘူး။

အဲဒီစိတ်တွေထဲက ပေါ်ချင်တာပေါ် ဖြစ်ပျက်ရှုပါ၊ ပေါ်ချင်တာပေါ် ဘာလုပ်ရမလဲ...(ဖြစ်ပျက်ရှုပေးရမယ်)၊ ဒါဖြင့် ပေါ်တာက ဘာသစ္စာလဲ...(ဒုက္ခသစ္စာပါ)၊ ရှုတာက ...(မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် ပြတ်တာက သမုဒယသစ္စာ...(မှန်ပါ့)၊ သဘောကျရဲ့လား...(မှန်ပါ့)၊ ပြတ်တာက ...(သမုဒယသစ္စာပါဘုရား)၊ နောက်ထပ် မလာမှာက ... (ဒုက္ခသစ္စာပါဘုရား)။

ဒါက နိဗ္ဗာန်။

ဒါက သမုဒယချုပ်တာ။

ဒါက ခန္ဓာပါချုပ်သွားတာ...(မှန်ပါ့)။

ဒါက တဏှာသိမ်း၍ နိဗ္ဗာန်...(မှန်ပါ့)၊ ဒီဘက်က ခန္ဓာသိမ်းတဲ့ နိဗ္ဗာန်ရှုတဲ့ပုဂ္ဂိုလ်မှာ...(မှန်ပါ့)၊ ဒီဘက်က တဏှာသိမ်းတော့ ဘာဖြစ်သတုံး...(နိဗ္ဗာန်ပါ)၊ ဒီဘက်က ခန္ဓာသိမ်းလို့ ...(နိဗ္ဗာန်ပါ)။

တဏှာနဲ့ ခန္ဓာဟာ တဏှာချုပ်ကတည်းက ဒီခန္ဓာ လာသေးရဲ့လား...(မလာပါဘုရား)။

ဒါကြောင့် တဏှာသိမ်း နိဗ္ဗာန်၊ ခန္ဓာသိမ်းနိဗ္ဗာန်ဆိုတာ ကော ပေါ်ပလား..(ပေါ်ပါပြီ)၊ ရှင်းပလား...(ရှင်းပါပြီ)၊ ဒါက သစ္စဉာဏ်နဲ့ ပြောပြတာ၊ ဒကာ ဒကာမတို့။

## ကိစ္စဉာဏ်ဆိုတာ

ကိစ္စဉာဏ်ပြောမယ်၊ နာရီကလည်း နည်းနည်းပဲကျန်တော့တယ်...(မှန်ပါ့)၊ ကိစ္စဉာဏ်ဆိုတာ ဒကာ ဒကာမတို့ သောတာပန်တည်လုကာနီး ဉာဏ်လို့မှတ်လိုက်စမ်းပါ...(မှန်ပါ့)၊ ယခုဟောမည့်ဉာဏ်ဟာ ဘာပါလိမ့်...(သောတာပန်တည်လုကာနီးဉာဏ်ပါဘုရား)၊ သောတာပန်တည်လုကာနီးဉာဏ်လို့ သေသေချာချာမှတ်ပါ...(မှန်ပါ့)။

ဒီနေရာမှာ စိတ်တစ်ပါးကို တစ်ခြားကို မသွားပါနဲ့၊ တရားသိမ်းတော့မှာပဲ၊ မြန်မြန်ထမှ ဖိနပ်လုရလိမ့်မယ်လို့ မလုပ်ပါနဲ့...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီဘုရား)။

ကားမြန်မြန်ပြေးဝင်ရလိမ့်မယ်လို့ ဒီစိတ်တွေ မလာစေနဲ့၊ အလွန်အရေးကြီးတာကို ပြောတော့မယ်...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ)၊ ဘာဉာဏ်ပြောမှာပါလိမ့်...(ကိစ္စဉာဏ်ကိုပြောမှာပါဘုရား)၊ ကိစ္စဉာဏ်ကိုပြောမယ်...(မှန်ပါ့)။

ဒကာ၊ ဒကာမတို့ နောက်က ဒကာ၊ ဒကာမတွေ ဘယ်ဉာဏ်ပြောမယ်...(ကိစ္စဉာဏ်ပါဘုရား)။

ကိစ္စဉာဏ်ပြီးရင် သောတာပန်တည်လိမ့်မယ်၊ သဘောကျ လား...(ကျပါတယ်)၊ ကိစ္စဉာဏ်ပြီးရင် ခန္ဓာထဲမှာ အိမ်မှာပွားရင် လည်း တည်နိုင်တယ်...(မှန်ပါ့)၊ ကိလေသာစင်ပြီး ပွားလိုက်လို့ ရှိရင် ဒီမှာလည်း ကည်နိုင်တယ်၊ သဘောကျပလား...(ကျပါတယ်)။

# အရှင်ကောဏ္ဍညတက်တဲ့ ဉာဏ်

ဒါက ခင်ဗျားတို့ ဥဒယဗ္ဗယ ဘင်္ဂဘယတွေနဲ့ တက်နေ တဲ့ ဉာဏ်မဟုတ်ဘူးတဲ့၊ အရှင်ကောဏ္ဍညတက်တဲ့ဉာဏ်၊ အရှင် ကောဏ္ဍညဆိုတာ ကြားဖူးကြရဲ့ မဟုတ်လား...(ကြားဖူးပါတယ် ဘုရား)။

အဲ...အရှင်ကောဏ္ဍည ဘယ်နှဉာဏ်နဲ့ တက်သွားတုံး မေးရင် သစ္စဉာဏ်တစ်ချက်၊ ကိစ္စဉာဏ်တစ်ချက်၊ ကတဉာဏ်တစ် ချက်၊ ဒီသုံးချက်ပြီးရင် သောတာပန်တည်သွားတာပဲ၊ ရိပ်မိကြပ လား...(ရိပ်မိပါပြီ)။

ခင်ဗျားတို့ ဉာဏ်အရှည်ကြီးလိုက်နေလို့ ခက်နေတာ၊ သဘောကျပလား...(ကျပါပြီ)၊ အရှင်ကောဏ္ဍည ဘယ်နှဉာဏ်နဲ့ သောတာပန်တည်ပါလိမ့်...(သုံးဉာဏ်နဲ့ တည်ပါတယ်ဘုရား)၊ (၁) နံပါတ် ဘာဉာဏ်တဲ့...(သစ္စဉာဏ်)၊ ခင်ဗျားတို့ ရပြီပလား...(ရပြီး ပါပြီ)၊ ရပြီးရင် ဒါဘာသစ္စာတုံး၊ ဒီထဲက ပေါ်သရွေ့...(ဒုက္ခသစ္စာ ပါဘုရား)။

သိတာကလေးက ဘာပါလိမ့်...(မဂ္ဂသစ္စာပါဘုရား)၊ မဂ္ဂသစ္စာဆိုတာ ဉာဏ်ပဲမဟုတ်လား...(မှန်ပါ့)၊ ဒါဖြင့် သစ္စာနဲ့ဉာဏ်နဲ့ ပေါင်း...(သစ္စဉာဏ်ပါဘုရား)၊ ရပြီးပြီလား...(ရပြီးပါပြီ)၊ ရပြီးပြီ၊ ကိစ္စဉာဏ်တစ်ခုလိုတယ်...(မှန်ပါ့)။

ဒကာ၊ ဒကာမတို့ ဘာလိုနေပါလိမ့်...(ကိစ္စဉာဏ်လိုပါတယ်ဘုရား)၊ အဲဒါမျက်လုံးမှိတ်ပြီးတော့ သမာဓိကြီးကြီးနဲ့ နားကောင်းကောင်းနဲ့ ထောင်စမ်းပါ၊ အလွန်အရေးကြီးတယ်လို့ မှတ်လိုက်စမ်းပါ။

ဒကာ၊ ဒကာမတို့ ငြိမ်ဝပ်ပိပြားအောင် ပြောတဲ့စကားမဟုတ်ဘူး၊ အရေးကြီးလို့ ကြီးတယ်လို့ပြောလိုက်တဲ့စကားလို့ မှတ်ပါ၊ အားလုံး ဒကာ၊ ဒကာမတို့ ကျေနပ်ရဲ့လား...(ကျေနပ်ပါတယ်ဘုရား)။

## တစ်သက်မှာတစ်ခါတွေ့တဲ့ ဉာဏ်

သာမညနားနဲ့ ထောင်ရမှာလား၊ ကြီးကြီးကျယ်ကျယ်နားနဲ့ ထောင်ရမှာလား...(ကြီးကြီးကျယ်ကျယ်နားနဲ့ ထောင်ရမှာပါဘုရား)၊ တစ်သက်မှာ တစ်ခါတွေ့တဲ့ ဉာဏ်ကိုဟောမှာ သဘောကျရဲ့လား...(ကျပါတယ်ဘုရား)၊ တစ်သက်မှာ တစ်ခါတွေ့တဲ့ဉာဏ်။

တစ်ခါတွေ့ပြီးလည်း နောက်ထပ် အပါယ်ရောက်ဦးမှာလား၊ မရောက်တော့ဘူးလား...(မရောက်တော့ပါ)။

အဲဒါကြောင့် အရေးကြီးလို့ ခင်ဗျားတို့ကို အရေးကြီးတဲ့ အကြောင်း ဟောနေပါတယ်၊ ရှင်းပလား…(ရှင်းပါပြီ)။

ကိုင်း…ဒါဖြင့် နားကြီးကြီးနဲ့နားထောင်ပါ၊ နည်းနည်း ကလေး ကျန်တဲ့အချိန်မှာ ပြောလိုက်ပါ့မယ်၊ ပြီးတော့ ဒကာ၊ ဒကာမတွေကို သတိပေးလိုက်ပါတယ်၊ ဒီနေ့ ကိစ္စဉာဏ်ကိုဟော ပြီး ကတဉာဏ်ဆိုတာကို နက်ဖြန်ဟောနိုင်မလား၊ မဟောနိုင်ဘူး လား မသိဘူးဗျာ…(မှန်ပါ့)။

လူစိမ်းပါလာရင် သစ္စာက ပြန်စ စနေရတယ်၊ အဲဒီတော့ ကတဉာဏ်ဟောတဲ့အချိန်မှာလည်း သိပ်အရေးကြီးတယ်…(မှန်ပါ့)၊ ဒီနေ့ သစ္စဉာဏ်ကို ဖွယ်ဖွယ်ရာရာနဲ့ ခင်ဗျားတို့ကိုဟောလိမ့်မယ်… (မှန်ပါ့)၊ ဟောပြီးသကာလ ခင်ဗျားတို့က အိမ်မှာ အလုပ်လုပ်ပါ၊ သဘောကျပလား…(ကျပါတယ်)။

အိမ်မှာ အလုပ်လုပ်ပြီးတဲ့အခါကျတော့ ဪ…ငါဖြင့် သစ္စာတော့ ကိစ္စသဘောတွေသိပြီဆိုပြီး နက်ဖြန်လာတော့ ကတ ဉာဏ်ကို ဟောလိုက်လို့ရှိရင် သောတာပန်တည်နိုင်ပါတယ်…(မှန်ပါ့)၊ သဘောကျပလား…(ကျပါတယ်ဘုရား)။

## ဉာဏ်ပဲလိုတယ်

အဲဒီတော့ ပါရမီအလိုက် တည်လိမ့်မယ်လို့ ရှေးဆရာတော် တွေက ဟောလိမ့်မယ်…(မှန်ပါ့)၊ ပါရမီအလိုက် နက်ဖြန်ကျတော့

သောတာပန်တည်တဲ့ပုဂ္ဂိုလ်တည်ကြမှာပဲလို့ ဟောလိမ့်မယ်...(မှန်ပါ့)၊ ဘုန်းကြီးတို့က ဒီလိုမဟောပါဘူး၊ ပါရမီအလိုက်မဖြစ်နိုင်ဘူးဟော့၊ ဉာဏ်ထက်မြက်တဲ့အလိုက်ကွ၊ သဘောကျပလား...(ကျပါတယ်)၊ ဘာကြောင့်တုံးဆိုတော့ ပါရမီဆိုတာက ဘုရားမှာ ပါရမီလိုတယ်။

ဆရာက သစ္စာဟောလို့ ခင်ဗျားတို့က ဒီသစ္စာကို ကိစ္စဉာဏ်နဲ့ သိလိုက်ရင် ပြီးတာပဲ...(မှန်ပါ့)၊ ပါရမီမပါလို့ ပြောနေတာ၊ သဘောကျပလား...(ကျပါတယ်)၊ ပါရမီလိုသေးသလား...(မလိုပါဘုရား)၊ ဉာဏ်ပဲလိုတယ်၊ ရှင်းပလား...(ရှင်းပါပြီ)။

ဟောတတ်တဲ့ဆရာက သစ္စာဟောရမယ်၊ ခင်ဗျားတို့က ဟောတဲ့ဉာဏ်နဲ့ သွားပြီးသကာလ တိုက်လို့ရှိရင် ဒီနေရာတည်တာပဲ...(မှန်ပါ့)။

သာဝကမှာ ပါရမီမလိုလို့ ပေဋကော ပဒေသမှာ သေသေချာချာလာတယ်၊ ဥပရိပဏ္ဏာသပါဠိတော်မှာ သေသေချာချာလာတယ်၊ ဘာလိုသတုံးမေးဖို့ မလိုဘူးလား...(လိုပါတယ်)၊ သစ္စာဟောတတ်တဲ့ ဆရာတွေ့ဖို့လိုတယ်...(မှန်ပါ့)။

ကိုယ်က ဒီသစ္စာအတိုင်း အမှန်နှလုံးသွင်းတတ်ဖို့ လိုတယ်၊ ဒီနှစ်ချက်ပြည့်စုံပြီးရင် ပြီးတာပဲ၊ ပေါ်ကြမလား...(ပေါ်ပါပြီဘုရား)။

အဲဒါ မူလပဏ္ဏာသပါဠိတော်မှာလည်း ဘုရားကိုယ်တော်တိုင် ဟောတယ်၊ ပေဋကောပဒေသမှာလည်း သေသေချာချာ ဟောတယ်၊ သဘောကျပလား...(မှန်ပါ့)။

ဒါဖြင့် ဒီ ဒကာ၊ ဒကာမတွေဟာ ဘုရားဆုပန်များ ပါသေးသလား…(မပါ ပါဘုရား)၊ မပါဘူး၊ လက်ဝဲရံ၊ လက်ယာရံ…(မပါ ပါဘုရား)၊ မပါတော့ ယခုနိဗ္ဗာန်ရရင် ယခုယူမည် မဟုတ်လား…(ယူမှာပါဘုရား)။

## ယခုနိဗ္ဗာန်ရရင် ယခုယူမည့်ပုဂ္ဂိုလ်

ဒါဖြင့် ယခု နိဗ္ဗာန်ရရင် ယခုယူမည့်ပုဂ္ဂိုလ်ဖြစ်ရင် ဟောတဲ့ပုဂ္ဂိုလ်က သစ္စာလည်းလည်ဟောမယ်၊ ခင်ဗျားတို့က ဟောတဲ့အတိုင်း ဉာဏ်ရအောင်သာလုပ်…(မှန်ပါ့)၊ ရှင်းပလား…(ရှင်းပါပြီ)။

ဒါရှေးက အင်မတန်လွဲခဲ့တယ်၊ ရှေးက လွဲတော့ ဒကာ၊ ဒကာမတွေ နှုတ်ဖျားမှာ ဘယ်တတ်နေသတုံးဆိုတော့ ဘုန်းကြီးကလည်း အပြောက မည့်ပါဘူး၊ ကျုပ်မတို့က ပါရမီလိုလို့ ထင်ပါရဲ့။

ပါရမီနဲ့ ဆည်းပူးရမည့် ပုဂ္ဂိုလ်မဟုတ်ဘဲနဲ့ ပါရမီလို့ ထင်ပါရဲ့ဆိုတော့ ပြောသံကြားနဲ့ ပြောနေတယ်…(မှန်ပါ့)၊ ရိပ်မိကြပလား…(ရိပ်မိပါပြီဘုရား)၊ ဘာနဲ့ပြောနေသလဲ…(ပြောသံကြားနဲ့ ပြောနေပါတယ်)။

ဒါဖြင့် "သက်ကြီးစကား သက်ငယ်ကြား"ဆိုတော့ ဒီအတိုင်း တုတ်ဆွဲသလို၊ တုတ်ဆွဲသလောက် လိုက်နေတဲ့ အဓိပ္ပာယ်ရောက်နေတယ်၊ အခု သေသေချာချာသိပလား…(သိပါပြီဘုရား)။

ယခု သစ္စာတရားနာ၍ ယခုသစ္စာတရားကို ဒကာ၊ ဒကာမ တွေက နှလုံးသွင်းလို့ရှိရင်ဖြင့် ယခုဘဝရမယ်၊ တိဟိတ်သာ ဖြစ်ပေ စေရမယ်၊ သဘောပါပလား…(ပါပါပြီ)။

ခင်ဗျားတို့မှာ ဘယ့်နှယ်ကြောင့် ဘုန်းကြီးက ရဲရဲတင်းတင်း တာဝန်ခံရသတုံးမေးတော့ ကံကြီးငါးပါး လွတ်ပါတယ်၊ သဘော ကျပလား…(ကျပါတယ်)။

အမိသတ်ဖူးတဲ့လူ ဒီအထဲ တစ်ယောက်မှမပါဘူး…(မပါ ပါ)။

အဖသတ်ဖူးတဲ့လူ…(မပါ ပါဘုရား)။

ဘုရားမရှိလို့ ဘုရားကို သွေးစိမ်းတည်အောင် လုပ်ဖူး တဲ့လူကော…(မပါ ပါဘုရား)၊ မပါပါဘူး။

သံဃာသင်းခွဲတဲ့ပုဂ္ဂိုလ်ကော…(မပါပါဘုရား)။

မပါတော့ကိုတဲ့ ရဟန္တာသတ်ဖူးတဲ့ပုဂ္ဂိုလ်ကော…(မပါ ပါ)။

ဟ…ဒါဖြင့် ကံကြီးငါးပါးလွတ်နေတဲ့ ပုဂ္ဂိုလ်၊ မဂ်ဖိုလ်တား တဲ့ ကံမှ သူတို့မှာမရှိဘဲ…(မှန်ပါ့)။

နိယတမိစ္ဆာဒိဋ္ဌိအယူကော ယူကြသလားဆိုတော့ မိစ္ဆာဒိဋ္ဌိ အယူလည်း မယူပါဘူးဘုရား၊ သဘောကျပလား…(ကျပါပြီဘုရား)။

ဒါဖြင့် ဒီခဏမှာ ရနိုင်တယ်လို့ အားတက်လိုက်…(မှန်ပါ့)၊ သဘောကျပလား…(ကျပါတယ်ဘုရား)။

ဒါဖြင့် ဒီနေ့ ဘယ်ဉာဏ်ဟောရမှာပါလိမ့်...(ကိစ္စဉာဏ်ပါဘုရား)၊ ကိစ္စဉာဏ် အရေးတကြီး ပြောရမယ် မဟုတ်လား...(မှန်ပါ့)၊ ကောင်းပြီ၊ ဒကာ၊ ဒကာမတို့ ကိစ္စဆိုတာသည် ခင်ဗျားတို့ သေသေချာချာ မှတ်ပါ၊ ကိစ္စဆိုတာသည် ဒကာ၊ ဒကာမတို့၏ သန္တာန်မှာဟော့...ဘယ်သွားမလို့လဲလို့ မေးလိုက်တယ်၊ ကိစ္စလေးရှိလို့ မပြောကြဘူးလား...(ပြောကြပါတယ်ဘုရား)။

သခင်ဝတင် ခင်ဗျားအိမ်က အဝတ်အစားလေးလဲပြီး သကာလနေတော့ ခင်ဗျားခင်ပွန်းမ ကဖြစ်စေ၊ သားသမီးကဖြစ်စေ၊ သခင်ဝတင် ဘယ်သွားမလို့တုံး၊ အို...ကိစ္စကလေးရှိလို့ပေါ့ကွ၊ အရင်ကပေါ်လာတာလား၊ ခုမှပေါ်လာတာလား...(ခုမှပေါ်လာတာပါ)။

အဲ...ခုမှပေါ်တဲ့ကိစ္စကိုသိရမယ်...(မှန်ပါ့)၊ သဘောကျကြပလား...(ကျပါပြီ)၊ ဘယ်ကိစ္စကိုသိရမလဲ...(ခုမှပေါ်လာတဲ့ကိစ္စကို သိရပါမယ်)။

## ခန္ဓာမှာလည်းခုမှပေါ်လာတဲ့ကိစ္စကိုသိရမယ်

အဲ...ခန္ဓာမှာလည်း ခုမှပေါ်တဲ့ကိစ္စကို သိရမယ်၊ သေသေချာချာမှတ်ပါ၊ ဒီစကားမသေးဘူး၊ သေးပါ့မလား...(မသေးပါဘုရား)။

ဒါဖြင့် ခန္ဓာထဲမှာ ခုမှပေါ်တဲ့ကိစ္စကိုသိရင် ကိစ္စဉာဏ်...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီဘုရား)။

ဒီခန္ဓာထဲမှာ ခုမှ ဝေဒနာကလေးက ပေါ်ပြီးသကာလလာတယ်၊ ၎င်းဝေဒနာကလေးဟာ ပျောက်သွားတယ်၊ ဩော်...ခုမှပေါ်ပြီး ခုမှပျောက်တာ၊ သူ့ကိစ္စ သူသိမ်းသွားတာ၊ သူ့ကိစ္စသူမလုပ်ဘူးလား...(လုပ်ပါတယ်ဘုရား)၊ ခံလည်း ခံစားတယ်...(မှန်ပါ့)။

ဝေဒနာသည် ခံစားခြင်းကိစ္စမရှိဘူးလား...(ရှိပါတယ်ဘုရား)၊ ခံစားခြင်းကိစ္စကို နောက်ဆုံးပိတ်ကျတော့ သူမသိမ်းရဘူးလား...(သိမ်းရပါတယ်ဘုရား)။

ဒါဖြင့် ခံစားခြင်းကိစ္စကို သိမ်းတဲ့ခံစားတဲ့ကိစ္စကို ဒကာ၊ ဒကာမတို့ သိမ်းတဲ့ကိစ္စကျအောင် ကြည့်ပေးပါ...(မှန်ပါ့)၊ ခံစားတဲ့အလုပ်ကို သိမ်းတဲ့ကိစ္စကျအောင် ကြည့်ပါ၊ သဘောကျပလား...(ကျပါတယ်ဘုရား)။

ဒါဖြင့် ဝေဒနာကိစ္စကို ဒကာ၊ ဒကာမတွေက ဉာဏ်ထဲသိတဲ့အခါကျတော့ ဝေဒနာမှာ ဘာကိစ္စရှိသတုံး၊ စိတ်မှာ ဘာကိစ္စရှိသတုံး၊ မေးဖို့မလိုဘူးလား...(လိုပါတယ်ဘုရား)။

အဲဒီတော့ နာရီကလည်း စေ့နေလို့ ဒကာ၊ ဒကာမတွေစေတနာတော့ကောင်းပါတယ်နော်...(မှန်ပါ့)၊ စိတ်မှာတဲ့ ဒကာ၊ ဒကာမတို့ ဝေဒနာမှာဖြစ်စေ၊ စိတ်မှာဖြစ်စေ၊ ရုပ်မှာဖြစ်စေ တစ်ခုသော တရားပေါ်လာတယ်ဆိုလို့ရှိရင်ဖြင့်...တဲ့ အိုမှု၊ သေမှု ပါတာချည်းပဲမှတ်၊ ဝေဒနာပေါ်လာလည်း သူ့မှာ ဘာပါလာတုံး...(အိုမှု၊ သေမှု ပါပါတယ်)၊ စိတ်ပေါ်လာရင်ကော...(အိုမှု၊ သေမှု ပါလာပါ

တယ်ဘုရား)၊ ရုပ်ပေါ်လာရင်ကော…(အိုမှု၊ သေမှု ပါလာပါတယ်ဘုရား)။

ဒါဖြင့် သူဟာ ဝေဒနာဟာ အလိုလိုပျက်သွားတာလား၊ စိတ်ဟာ အလိုလိုပျက်သွားတာလား၊ သူယူလာတဲ့ အိုမှု၊ နာမှုက နှိပ်စက်တဲ့ကိစ္စကြောင့် ပျက်ရတာလား…(အိုမှု၊ နာမှု နှိပ်စက်တဲ့ ကိစ္စကြောင့် ပျက်ရတာပါ)၊ တော်တော်ကလေး မိလာပြီ၊ တော်တော် မိလာတဲ့စကား၊ ဒကာကြီးတွေ သဘောကျရဲ့လား…(ကျပါတယ်)၊ အလိုလိုပျက်သွားတာလား၊ ဇရာ၊ မရဏနှိပ်စက်လို့ ပျက်သွားတာလား…(ဇရာ၊ မရဏ နှိပ်စက်လို့ ပျက်သွားတာပါဘုရား)။

## နှိပ်စက်ခံခြင်းကိစ္စ

ဒါဖြင့် ဟေ့…ဝေဒနာမင်းမှာ ဘာကိစ္စရှိသတုံး၊ ကျုပ်မှာ နှိပ်စက်ခံရခြင်းကိစ္စရှိတယ်၊ မပြောပေဘူးလား…(ပြောပါတယ်)။

အဲဒီကိစ္စကို ဒီကနေ ဉာဏ်နဲ့မြင်အောင်ကြည့်…(မှန်ပါ့)၊ သဘောကျပလား…(ကျပါပြီ)။

ဒါဖြင့် စိတ်၏ကိစ္စကို ဉာဏ်နဲ့မြင်အောင်ကြည့်၊ စိတ်မှာ ဘာကိစ္စရှိသတုံး၊ ပျက်စီးခြင်းကိစ္စရှိတယ်၊ ဇရာ မရဏတို့၏ နှိပ်စက်ခြင်းကိစ္စ မရှိဘူးလား…(ရှိပါတယ်ဘုရား)၊ စိတ်မှာ ဘာကိစ္စရှိသတုံး…(ဇရာ၊ မရဏတို့၏ နှိပ်စက်ခြင်းကိစ္စရှိပါတယ်ဘုရား)၊ သြော်…သူ့နှိပ်စက်ခြင်းကိစ္စကြောင့် သူပျောက်ပျက်တာပဲလို့ ခင်ဗျားတို့က ဒီကနေဉာဏ်ကလေးနဲ့ သိပေးပါ။

ဒါဖြင့် သူ့မှာက ကိစ္စ၊ သူ့ကိစ္စသိတာက ဉာဏ်၊ သူ့မှာက ဘာပါလိမ့်...(ကိစ္စပါဘုရား)၊ သူ့သိတာ...(ဉာဏ်ပါ)၊ ကိစ္စနဲ့ ဉာဏ်ပေါင်းပါ...(ကိစ္စဉာဏ်ပါဘုရား)။

ဒါဖြင့် ကိစ္စဉာဏ်ဆိုတာ ဒကာ၊ ဒကာမတို့ ဘယ့်နှယ်ကြောင့် ပျက်သွားတာပါလိမ့်မတုံးလို့ ဒီလိုမယူပါနဲ့...(မှန်ပါ့)၊ သူယူလာတဲ့ ဇရာ မရဏကြောင့် သူပျက်စီးရတဲ့ ကိစ္စပဲ ဆုံးဖြတ်ချက်ချ...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီ)။

# ကိစ္စဉာဏ်

သူယူလာတဲ့ ဇရာ၊ မရဏကြောင့်...(သူပျက်စီးရတယ်)၊ သူပျက်စီးတဲ့ကိစ္စ မကြုံရဘူးလား...(ကြုံရပါတယ်ဘုရား)၊ အဲဒီလိုသိလို့ရှိရင်ဖြင့် အဲဒီလို သိတဲ့ဉာဏ်၊ ဘာဉာဏ်ခေါ်ကြမလဲ...(ကိစ္စဉာဏ်ခေါ်ပါတယ်ဘုရား)၊ ရှင်းပလား...(ရှင်းပါပြီ)။

အစကလေးပဲ ဟောနိုင်တယ်၊ မနေ့ကလည်း ဒီလောက်ပဲ ဟောနိုင်တယ်၊ ယနေ့တော်ကြဦးစို့၊ နက်ဖြန်မှ ဆက်ဟောမယ်။

**သာဓု...သာဓု...သာဓု**